ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၇)ရက် ၊ တနင်္လာနေ့ ၊ (2-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၆)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်၏ မီးပုံးပျံပြိုင်ပွဲများတွင် မီးပုံးပျံညီမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက

စာမျက်နှာ ၁၉ ကော်လံ ၄

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံပြိုင်ပွဲကို ယမန်နှစ်က စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို တွေ့ရစဉ်။

လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ပြည်ပရောက်မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ကြောင်း FATF က ဆုံးဖြတ်


နေပြည်တော် နိုဝင်ဘာ ၁

ပြင်သစ်နိုင်ငံ ပါရီမြို့၌ အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)၏မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် FATF က ချမှတ်ထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ (Action Plan) ၁၅ ချက်အနက် ၁၃ ချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး FATF က အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်ကို အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံလုပ်သားများ၏

စာမျက်နှာ ၁၉ ကော်လံ ၃ ✱



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၅ ဒီဂရီဆဲလ်စီးယပ်မှ ၂.၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက် သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်ထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❑


ဆိုင်ကလုန်းမုန်တိုင်း “မူရားစု”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) “မူရားစု”(MURASU)အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“မူရားစု”သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၉၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏

စာမျက်နှာ ၁၆ ကော်လံ ၁ ❖



ရတနာပုံ ယနေ့ဖတ်စရာ

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များ ပြသထား

စာမျက်နှာ - ၁၉

အသားကလွှာဖူလုံရေး ဆိတ်မွေးမြူရေးအားပေး

ဆောင်းပါး စာမျက်နှာ - ၁၀

သုံးရေများချေတာသုံးစွဲရေး ပြည်သူသို့ အသိပေးနှိုးဆော်ချက်

စာမျက်နှာ - ၁၁

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

တာဝန်ကျနိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းများ

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီးနောက် ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) မှ အမှတ်စဉ် (၁၄) ထိ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်းများကို အောက်တိုဘာ ၃၀ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ဘည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပင်မငဲ့နမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က တန်ဖိုးထားအလေးထားကာ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပေသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများထဲမှ အချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်း ရှိကြသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ်တာဝန်ကာလပြည့်မြောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မိမိတို့၏အခန်းကဏ္ဍကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှု၊ အနစ်နာခံမှုနှင့် တာဝန်သိစိတ်တို့ကို လေးနက်စွာ အသိအမှတ်ပြုဂုဏ်ပြုခြင်းပင်ဖြစ်သည်။ ထိုသို့ အသိအမှတ်ပြုဂုဏ်ပြုခြင်းသည် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်လျက်ရှိကြသည့် လူငယ်လူရွယ်များသာမက နောင်လာမည့်မျိုးဆက်သစ်လူငယ်များအတွက်ပါ နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်၊ စည်းကမ်းလိုက်နာမှုနှင့် မိမိထမ်းဆောင်ရမည့် တာဝန်အပေါ် အလေးထားမှုတို့ကို စံနမူနာကောင်းတစ်ခုသဖွယ် တည်ရှိနေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧကရှိသော်လည်း ဧရိယာအနည်းငယ်တွင် ရေဘေးကြောင့် ပျက်စီးခဲ့ရသဖြင့် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝက်လက်မြို့နယ်တွင် ၉၁၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၅၂ ဧကရှိ စုစုပေါင်း ၁၀၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲကြီးဧကရှိသော်လည်း ရေဘေးကြောင့် ပျက်စီးခဲ့ရသဖြင့် ပဲကြီးစိုက်ပျိုးသူ တော်တော်များများ ဆုံးရှုံးခဲ့ရပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးစိုက်ပျိုးမှု ကတော့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ပဲကြီးဟာ ဈေးကွက်ဝင်သီးနှံဖြစ်တဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ခတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လှုံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဓနုဖြူမြို့နယ်တွင် ဒေသထွက်ခဲဝသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် ခဲဝသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက်ခဲဝသီးများကို ကုန်စိမ်းဈေးကွက်၌ ယခုနှစ် အောက်တိုဘာဒုတိယပတ်မှစတင်၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် ခဲဝသီးအလုံးရေ ၄၅၀၀၀ မှ ၆၀၀၀၀ ထိ ဝယ်ယူမှုအားကောင်းကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ခဲဝသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ ခဲဝသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာ များနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ခဲဝသီး အလုံးရေ ၆၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဓနုဖြူမြို့နယ်မှာ ခဲဝသီးတွေက ဒေသထွက်ကုန်ဖြစ်တဲ့အတွက် ဈေးနှုန်းသက်သာပြီး သန့်ရှင်းလတ်ဆတ်ပါတယ်။ အခြား ဒေသတွေကလဲ ဒီဘက်ကုန်စိမ်းဈေးကွက်က ခဲဝသီးတွေကို ဝယ်ယူတာများနေပါတယ်။ အခုလို ဒေသထွက်ခဲဝသီး ခဲဝသီးစိုက်တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် လက်ရှိ၌ ခဲဝသီးများအပါအဝင် ဒေသထွက်ရာသီပေါ် ဟင်းသီးဟင်းရွက်များ ထွက်ရှိနေကြောင်း၊ အဆိုပါ ခဲဝသီးများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ခဲဝသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

တံတားဦးမြို့နယ် ရေခါးကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးဟောပြော

တံတားဦး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ရေခါးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်းခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား များ၏ အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်သည့်သိလိုသည့်အချက်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄/ပုနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အမရပူရ နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွှေပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ/ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါ်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၃၈ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ရန်ပုံငွေကျပ် ၆၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အောင်ရဲကျော်

စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ့်ကိုင် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မုန့်ပေါင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မုန့်ပေါင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို ရန်ပုံငွေကျပ် ၄၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။

မောင်ခိုင်

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာနီပဲ ၁၃၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာနီပဲ ၁၃၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် စွန်တာနီပဲ ၁၃၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စွန်တာနီပဲ ၁၃၉၃ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၃၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စွန်တာနီပဲကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်၊ တွေသုံးစွဲဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် စွန်တာနီပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဇကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စွန်တာနီပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စွန်တာနီပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ/ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါ်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန့်ဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် အောက်တိုဘာလစတုတ္ထပတ်မှ ယနေ့ထိ ဒေသထွက် ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥတစ်ပိသာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပီလောပီနံဥများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းနေသဖြင့် အရောင်းအဝယ် ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ပီလောပီနံဥတွေ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိမှာ ပီလောပီနံဥတွေ ပေါ်နေချိန်ဖြစ်ပြီး အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ အလုပ်သမားတွေ အဆင်ပြေလာပါတယ်။ ပီလောပီနံဥတစ်ရက်တာ ရောင်းအားအနေနဲ့ ပိသာချိန် ၁၅၀၀ ကနေ ၂၀၀၀ ထိ အရောင်းအဝယ်ကောင်းနေပါတယ်။ ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ပီလောပီနံဥအပါအဝင် အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံဥများ အရည်အသွေးကောင်းမွန်သဖြင့် ဝယ်လက်များက အများအပြားဝယ်ယူရန် ချိတ်ဆက်မှုများလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



ဘဝဆိုတာ ဒီလိုပဲ

ချစ်နိုင်(စိတ်ပညာ)

"ဘဝဆိုတာ တစ်လျှောက်လုံး သင်ယူနေရတာပါ။ သင်ယူခြင်းဆိုတာက ဆင်းရဲသားတို့အတွက် ဓနဥစ္စာ၊ ချမ်းသာသူတို့အတွက်ကျတော့ ဂုဏ်သိက္ခာ၊ လူငယ်အတွက် အကူအညီ၊ လူကြီးတွေအတွက် အထောက်အကူဖြစ်ပါတယ်။ ဉာဏ်စွမ်းအား ဖွံ့ဖြိုးတိုးတက်အောင် မကြိုးစားတဲ့လူဟာ အိုမင်းယိုယွင်းသူပဲ။ဉာဏ်စွမ်းအားတိုးတက်အောင် သင်ယူလေ့လာနေသူဆိုရင်တော့ ရင့်ကျက်ဖွံ့ဖြိုးနေသူလို့ ခေါ်ရပေမယ်ပေါ့"

ဗစ်တာဟူးဂိုး (၁၈၀၂-၁၈၈၅)

(ပြင်သစ်စာရေးဆရာ၊ ကဗျာဆရာ)

ဒီဆောင်းပါးကိုရေးရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ စာဖတ်သူများအားလုံးအတွက် သိပြီးသားလဲဖြစ်ကောင်းဖြစ်မယ့် ဘဝရှင်သန်ခြင်းဆိုတာဟာ သင်ယူမှုနဲ့ မကင်းနိုင်ဘူး။ သင်ယူခြင်းကိုမကြောက်နဲ့၊ မမုန်းနဲ့၊ မပစ်ပယ်လိုက်လေနဲ့လို့ မေတ္တာအရင်းခံနဲ့ သတိပေးလိုတဲ့အတွက် ရေးသားခြင်းဖြစ်ပါတယ်။ ဒီစိတ်ကူးက ဘာလို့ ပေါ်လာတာလဲ မေးရင်တော့ အကြောင်းရင်းက တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်စာရင်းတွေ ထွက်လာတော့ စာမေးပွဲအောင်တဲ့သူတွေ၊ ဂုဏ်ထူးပါတဲ့ ကျောင်းသားတွေ၊ သူတို့ရဲ့မိသားစု၊ အထူးသဖြင့် အမိအဘ၊ ဆရာ၊ ဆရာမတွေ ပျော်ရွှင်ကြတာ၊ ဝမ်းသာကြတာ သတင်းတွေကြားရမြင်ရတာကြောင့် မုဒိတာပွားလို့ အပျော်တွေကူးစက်ခံစားရပါရဲ့။ ချီးကျူးမိပါရဲ့။

သို့ပေမယ့် တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုခဲ့ကြသူ ၂၅၅၂၈ ယောက်ရှိရာမှာ အောင်သူက ၁၃၃၆၇၃ အောင်စာရင်းထဲမှာ ပါခဲ့တယ်။ ဒါဆိုရင် တစ်နိုင်ငံလုံးမှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (G-12) ဖြေဆိုခဲ့သူ ၁၂၁၅၅၅ (တစ်သိန်းနှစ်သောင်းကျော်) ကျောင်းသူ၊ ကျောင်းသားတွေက ကျခဲ့ကြတာပေါ့။ အောင်သူတွေကို ကြည့်ပြီး ဝမ်းသာမိ၊ ဂုဏ်ပြုမိသလို စာမေးပွဲကျတဲ့ ကလေးတွေရဲ့ ဘဝအခြေအနေ၊ ခံစားရတာ၊ ရင်ဆိုင်ရတာ၊ တွေ့ကြုံရမှာတွေကို စိတ်ထဲကကိုယ်ချင်းစာမိပြီး စိတ်မကောင်းဘူး။ စာမေးပွဲကိုမဖြေနိုင်သည်ဖြစ်စေ၊ ဖြေနိုင်သည်ဖြစ်စေ၊ သူများအောင်ရင် ကိုယ်လဲ အောင်ချင်တာပဲလေ။

စာရေးသူကိုယ်တိုင်လဲ တက္ကသိုလ်ဝင်တန်းမှာ တစ်နှစ်ကျခဲ့ဖူးတယ်။ ဆယ်တန်းအထိ စာမေးပွဲဆိုတာ တစ်ခါမှမကျခဲ့ဖူးတော့ အကျနာလိုက်တာ ဘိုင်းခနဲ အသံမြည်ပြီး ရင်ဘတ်ထဲက ပူလောင်နာကျင်သွားခဲ့တယ်။

ကိုယ်ချင်းစာ နားလည်နိုင်ခဲ့ပါတယ်။ ဒီနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျရှာတဲ့ ၁၂၁၅၅၅ ယောက်ရဲ့ ဝေဒနာကို စာနာခံစားမိလို့ သားတို့သမီးတို့ ဒီစာမေးပွဲဟာ နောက်ဆုံးပွဲမဟုတ်သေးပါဘူး။ ၁၂ တန်းမဆိုထားနဲ့ ရှစ်တန်းတောင်မအောင်ဖူးဘဲနဲ့ ရန်ကုန်မှာ မန္တလေးမှာ အကောင်းစားခြံဝင်းကြီးတွေနဲ့ အကောင်းစားတိုက်ကြီး တာကြီးနဲ့၊ အကောင်းစား ဇိမ်ခံကားကြီးအမျိုးမျိုးနဲ့ ချမ်းသာကြွယ်ဝကြတဲ့ အမျိုးသား အမျိုးသမီးတွေလဲ ရှိနေကြပါတယ်ဆိုတာ သတိပြုစဉ်းစားလိုက်ပါ၊ တွေ့တယ်နော်။

မောင်တို့မယ်တို့ကမှ ၁၁ တန်းတောင် အောင်ခဲ့ပြီးပြီ။ ၁၀ တန်းမအောင်ဘဲ နိုင်ငံကျော်စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ အနုပညာရှင်၊ စတိုးဆိုင်ပိုင်ရှင်၊ ကုမ္ပဏီပိုင်ရှင်၊ လုပ်ငန်းပိုင်ရှင်၊ ကုန်သည်ကြီးတွေ၊ ပွဲစားကြီးတွေ အများကြီးပေါ့။ ဩော်... သိပြီ။ ၂၀၂၆ ခု စာမေးပွဲကျပေမယ့်လဲ ဆရာချစ်နိုင်လိုပဲ နောက်တစ်နှစ်ကြိုးစားပြီး ထပ်ဖြေလိုက်ရင် အောင်သွားမှာပဲပေါ့။ သူတောင် အမျိုးသားစာပေဆုရ၊ သုတစွယ်စုံလူငယ်စာပေဆုရ၊ နိုင်ငံတော်က "အလင်္ကာကျော်စွာဘွဲ့" ဂုဏ်ပြုချီးမြှင့်ခံရ စသဖြင့် လူလူသူသူ ဖြစ်လာနိုင်သေးတာပဲ။ စာမေးပွဲတစ်နှစ်ကျတာလေး လောက်က ဘာမှဒဏ်ရာဒဏ်ချက် မကြီးမားလှပါဘူးကွယ်။ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်ရင်ဆိုင်ပါ။ ပြီးတော့လဲ ပြီးသွားတာပါပဲ။

❖ ဒီနှစ်တော့ အမှတ်များများရပြီးအောင်ချင်ရင် လက်ရေးရှင်းအောင် အရေးလေ့ကျင့်ပါ။ တစ်နှစ်လုံးလုံး ပြဋ္ဌာန်းချက်ကို အခေါက်ခေါက်အခါခါ ကူးရေးလေ့ကျင့်ပါ။ မြန်မာလိုလဲ ရေးဖြေလေ့ကျင့်ပါ။ အင်္ဂလိပ်အက်ဆေးအမျိုးမျိုးလဲ အပုဒ်ရေများစွာ၊ ထပ်ကာထပ်ကာ အကြိမ်ကြိမ်ရေးပါ။ မျဉ်းမပါတဲ့စာရွက်မှာ စာကြောင်းဖြောင့်အောင် ညီအောင်၊ သပ်ရပ်အောင် သေသေချာချာ ရေးကျင့်ပါ။ မောင်တို့ မယ်တို့ တစ်နှစ်တာဘဝကို အဲဒီဖြေလွှာစာရွက်က အဆုံးအဖြတ်ပေးမှာမို့ ရေးဖြေလေ့ကျင့်ခန်းကို တကယ် လုပ်သမျှ အဟုတ်တိုးတက်မှာပဲ။ မပျင်းနဲ့ သားတို့ သမီးတို့။ ဒီနှစ်ဟာ မောင်တို့ မယ်တို့ ဘဝတိုက်ပွဲရဲ့ အရေးအကြီးဆုံးနှစ်ပါပဲ။ ❖

စိတ်မညစ်ပါနဲ့။ စိတ်မပျက်ပါနဲ့။ လုံးဝစိတ်ဓာတ်မကျပါလေနဲ့။ ဝမ်းသာစရာ မဟုတ်တာတော့ မှန်တယ်။ ဒီနှစ်မှာ နှစ်ဆ၊ သုံးဆတိုးပြီး ပညာလိုလား ကြိုးစားမယ်ဆိုရင် သားတို့သမီးတို့ဘဝအတွက် ကျရှုံးခဲ့တဲ့ တစ်နှစ်ရဲ့သင်ခန်းစာဟာ အကျိုးရှိခဲ့တဲ့ ဘဝအတွေ့အကြုံလေးပါပဲ။ လူဆိုတာ ဒီလိုပဲ၊ လက်ချော်၊ ခြေချော် လဲကျတတ်တယ်။ လဲနေရင် ပြန်ထရပ်ပါ။ **ဘဝဆိုတာ အဲသလို ခံနိုင်ရည်ရှိရတယ်။ ဇွဲရှိရတယ်။ သတ္တိမွေးရတယ်။ ရဲရင့်ရမယ်။ ဒါမျိုးတွေကို မတုန်မလှုပ် ရင်ဆိုင်ဖြတ်သန်းနိုင်ရတယ်။**

အောင်မြင်မှုကို ဆွတ်ခူးဖို့ ခုပေးလာတဲ့အခက်အခဲ ကျောက်တုံးတစ်တုံးလို့ မှတ်ယူလိုက်ပေတော့နော်။ ဘဝဆိုတဲ့ ခရီးကြမ်းမှာ အခြေခံပညာ အထက်တန်းဆိုတဲ့ အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာဆိုတဲ့ တက္ကသိုလ်ပေါင်းကူးကာလဟာ တို့နိုင်ငံ၊ တို့စနစ်ရဲ့ ပညာရေးလမ်းကြောင်းမှာ အရေးကြီးတဲ့ အဆစ်အပိုင်းတစ်ခုပါ။

မောင်တို့မယ်တို့အတွက် တကယ်တမ်းဒီအခွင့်အရေးကို အကျိုးအရှိဆုံး သုံးတတ်ကြမယ်ဆိုရင် အမှတ်နည်းနည်းလေးနဲ့ ဟိုမရောက် ဒီမရောက် ကိုယ်တက်ချင်တဲ့ တက္ကသိုလ်ကို ဝင်ခွင့်မရနိုင်လောက်ဘဲ(လေထဲမပျံနိုင်၊ မြေကြီးနဲ့လဲ မထိ၊ ဇော်ကန့်လန့်ဘဝအနေနဲ့) ဒုက္ခရောက်နေမယ့်အစား ၂၀၂၇ ခုနှစ်မှ အမှတ်တွေ ဘာသာစုံ မြင့်မြင့်မားမားနဲ့အောင်ဖို့ရာ အထူးအခွင့်အရေးကြီး ဖန်တီးပေးလိုက်တာကော မဟုတ်ပေဘူးလား။ မနှစ်က ဘာတွေလိုအပ်ခဲ့သလဲ၊ သေသေချာချာ ပြန်လည်သုံးသပ်ခွင့်လဲရလာပြီ။ ကံကောင်းတာ။

အမြင်ကြည်ကြည်လင်လင်နဲ့ ကြိုးစားလိုက်ပါကွယ်။ ရိုးရိုးနဲ့ တက္ကသိုလ်ဝင်တန်းအောင်ပြီး ကောင်းတဲ့တက္ကသိုလ်မရဘဲ အဆင်မပြေသူတွေ အများကြီးပဲရှိဖူးတယ်။ စာမေးပွဲကျပြီး နောက်နှစ်မှာ အားသွန်ကျုံးလိုက်မှ ဆေးတက္ကသိုလ်၊ ကိုယ်ဝါသနာပါရာ ကိုယ်ကြိုက်တဲ့တက္ကသိုလ်ကို ခေါင်းခေါက်ရွေးနိုင်ပြီး စိတ်ချမ်းသာသွားခဲ့ကြသူတွေလဲ အများကြီးပဲ။ သူတို့က "တစ်နှစ်ရှုံးပေးရတာ တန်တယ်ဟ"တဲ့။

၂၀၂၆-၂၀၂၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ထူးထူးခြားခြား၊ ထူးထူးချွန်ချွန် အောင်မြင်မှသာ တစ်နှစ်ကျရကျိုးနပ်မှာနော်။ ကြိုးစားပါ။

ရည်ရွယ်ချက် ခိုင်ခိုင်မာမာ ချမှတ်ပါ။ ရေးထားပါ။ စားပွဲမှာလဲ ရေးထား။ နံရံမှာလဲ ရေးထား။ အိပ်ရာခေါင်းရင်းမှာလဲ ရေးထား။ နေ့တိုင်းအသံထွက်ဖတ်။ ဘုရားရှိခိုးတိုင်းလဲ ဆုတောင်း။

ကိုယ်ရောက်ရမယ်ဆိုတဲ့ ပန်းတိုင်ကို ငါရောက်နေပြီလို့မှတ်ယူပြီး အဲဒါကို စွဲပိုက်ထားပါ။ စိတ်ဟာလောကကိုဖန်တီးတယ်။ **"ရည်မှန်းချက် ခိုင်မာတာကို အဓိဋ္ဌာန်ပါရမီလို့ ခေါ်တာပဲ။** အရင်က ဒီလိုမျိုး သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ မထားခဲ့ဖူးရင် ယခုနှစ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာတော့ အဓိဋ္ဌာန်ပါရမီကိုပါ အသုံးချပြီး အခွင့်အရေးရတုန်း ကြိုးစားလိုက်ပေတော့ဗျာ။ ရည်မှန်းချက်ပန်းတိုင် ရောက်တာမရောက်တာက အနာဂတ်ရဲ့သဘောပဲ။ ကိုယ့်ဘက်က ရေရေရာရာနဲ့ ခိုင်မာဖို့က ကိုယ့်တာဝန်ပဲ။

နောင်တစ်ချိန် မိန်းမ ဖူးစာပါသူနဲ့ရလိမ့်မယ်။ ယောကျ်ား ဖူးစားဆုံသူနဲ့ ကြုံလိမ့်မယ်။ ကိုယ်ဖြစ်ချင်တဲ့ အသက်မွေးဝမ်းကျောင်းဘဝကတော့ ကိုယ့်စိတ်ကြိုက်၊ ကိုယ့်ဝါသနာနဲ့ ရွေးရမယ်နော်။ ဆရာဝန်ဖြစ်ချင်တယ်ဆိုတာထက် မျက်စိအထူးကု၊ နှလုံးအထူးကုစသဖြင့် တိတိကျကျရွေးတာ ပိုထိရောက်တယ်။ စက်မှုတက္ကသိုလ်တက်မယ်ဆိုတာ အပြင်လျှပ်စစ်လား၊ စက်မှုလား၊ ဗိသုကာလား စသဖြင့် တိကျတာ ပိုကောင်းတယ်။

ကျခဲ့တဲ့ဘာသာမသိရင် စာစစ်ဌာနကို ချလန်ငွေပေးသွင်းပြီး မေးလို့ရတယ်နော်။ ကျခဲ့တဲ့ဘာသာ၊ အမှတ်နည်းတဲ့ဘာသာကို ပိုပြီးအာရုံစိုက် ကျက်မှတ်စေချင်ပါတယ်။ မေးခွန်းဟောင်းတွေ ပြန်လေ့လာပါ။

အမှတ်ကောင်းဖို့ရာက လက်ရေးကောင်းဖို့လဲ လိုအပ်တယ်။ လက်ရေး၊ စာရေးတာ မြန်ဖို့လဲ လိုတယ်။ ဖြေဆိုချိန် သုံးနာရီရတာအတူတူမှာ စာစစ်သူက ဖြေလွှာကြည့်လို့ လက်ရေးညံ့ရင် အမှတ်ပေးချင်စိတ် ကုန်မိတာပဲ။ ဖြေလွှာက အချိန်လုဖြေလို့ အမှတ် ၁၀၀ ဖိုးကုန်အောင် သုံးနာရီအတွင်း ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် မရေးလိုက်နိုင်တော့ မောင်တို့မယ်တို့ ကျခဲ့ကြတာပဲ။

ဒီနှစ်တော့ အမှတ်များများရပြီး အောင်ချင်ရင် **လက်ရေးရှင်းအောင် အရေးလေ့ကျင့်ပါ။** တစ်နှစ်လုံးလုံး ပြဋ္ဌာန်းချက်ကို အခေါက်ခေါက် အခါခါ ကူးရေးလေ့ကျင့်ပါ။ **မြန်မာလိုလဲ ရေးဖြေလေ့ကျင့်ပါ။ အင်္ဂလိပ်အက်ဆေးအမျိုးမျိုးလဲ အပုဒ်ရေများစွာ၊ ထပ်ကာထပ်ကာ အကြိမ်ကြိမ်ရေးပါ။ မျဉ်းမပါတဲ့စာရွက်မှာ စာကြောင်းဖြောင့်အောင် ညီအောင်၊ သပ်ရပ်အောင် သေသေချာချာ ရေးကျင့်ပါ။** မောင်တို့ မယ်တို့ တစ်နှစ်တာဘဝကို အဲဒီဖြေလွှာစာရွက်က အဆုံးအဖြတ်ပေးမှာမို့ ရေးဖြေလေ့ကျင့်ခန်းကို တကယ် လုပ်သမျှ အဟုတ်တိုးတက်မှာပဲ။

မပျင်းနဲ့ သားတို့ သမီးတို့။

ဒီနှစ်ဟာ မောင်တို့မယ်တို့ဘဝ တိုက်ပွဲရဲ့**အရေးအကြီးဆုံးနှစ်ပါပဲ။** ၂၀၂၆-၂၀၂၇ **စာသင်နှစ်။** ဘောလုံးပွဲလဲ မကြည့်နဲ့၊ ရုပ်ရှင်လဲဖြတ်ထား၊ ဂိမ်းတွေ ဘာတွေလဲ ရှောင်ပါ။ ဘာနဲ့မှအချိန်မဖြုန်းလေနဲ့။ မောင်တို့မယ်တို့ရဲ့ ဒီနှစ်အချိန်ကာလဟာ စက္ကန့်လေးတွေ စိန်စီထားသလို တန်ဖိုးရှိလှတယ်။ ထိရောက်အောင် ကျောင်းပညာတစ်ခုထဲကိုသာ အာရုံစူးစိုက်ပါ။

အာရုံစူးစိုက်မှုရဲ့စွမ်းအား တန်ခိုးကြီးပုံတွေကို တော့ အကျယ်မပြောတော့ပါ။ စိတ်မထွေပါနဲ့။ အာရုံမပျံ့လွင့်နေမိပါစေနဲ့။ သတိပြုပါ။

မိမိကိုယ်ကို ယုံကြည်ပါ။ စိတ်မလေနဲ့။ မိမိကိုယ်ကို တန်ဖိုးထားပါ။ လေးစားပါ။ ငါက တော်ပါတယ်။ ငါက ဝီရိယကောင်းပါတယ်စသဖြင့် **မိမိကိုယ်ကို ချော့ပြီး အားမနာတမ်းခိုင်းပါ။ အောင်စိတ်မွေးပါ။ အောင်ရမယ်ကွာလို့ ယုံကြည်စိတ်စွဲမြဲပါ။**

ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်နဲ့။ မိမိကိုယ်ကို အထင်မသေးနဲ့၊ မရှုတ်ချနဲ့။ (ဟဲဟဲ... ငါက သက်သေပြမယ်ကွလို့ ခံယူပါ) ဆုံးရှုံးမှုဆိုတာ ရှိတတ်ပါတယ်။

စိတ်လေလွင့်ပြီး တစ်နှစ်ကျရှုံးတာကြောင့် နောက်ထပ်ပြီး နောက်တစ်နှစ်ရှုံးပြန်ပြီဆိုတာ မဖြစ်စေနဲ့။ အတိတ်ကသာဓက အောင်မြင်ခဲ့တာတွေ ပြန်ကြည့်လိုက်။ အထက်တန်းကျောင်းသား၊ ကျောင်းသူ ဘဝရဲ့ နောက်ဆုံးနှစ်ပါပဲ။ စိတ်မလေအောင် မိမိကိုယ်ကို ထိန်း။

တက္ကသိုလ်တစ်ခုခု သို့မဟုတ် ဘဝခရီးအသစ်အခြေအနေတစ်ခုခုအတွက် ရှေ့ဆက်အောင်မြင်မှုဟာ ဒီနှစ်ရဲ့ တည်တည်ငြိမ်ငြိမ် ကြိုးစားအားထုတ်မှုကသာ အကျိုးအပြစ်ထိရောက်စေမှာမို့ သတိရှိပါစေ။ လှပသာယာတဲ့ အနာဂတ်ကို ခမ်းနားထည်ဝါစွာ အောင်အောင်မြင်မြင် တည်ဆောက်နိုင်ပါစေ။

နေမင်းကြီးလို လောကကို အလင်းဆောင်နိုင်ပါစေ။

လမင်းလေးလို လောကကို အလှဆင်ကာ အေးမြပါစေ။

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ဖြစ်ပါတယ်။ ကြွက်သားတွေကလည်း ပိုမို ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒုံအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၇၅၄ ဧက စိုက်ပျိုးမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲလျာထား ၅၇၅၄ ဧကကို ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများနှင့် အခြားလိုအပ်သည့် အကူအညီများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံတွေကို မကြာမီ စတင်စိုက်ပျိုးပါတော့မယ်။ အခုနှစ် မတ်ပဲလျာထားဧက ၅၇၀၀ ကျော်ထိ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ လက်ရှိ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ချိတ်ဆက် ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါ မတ်ပဲသီးနှံများကို စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ မတ်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ဆက်လက် ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ပဲခူးမြို့နယ် မြောက်ပဲသီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

ပဲခူး နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် မြောက်ပဲသီးကုန်း ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက မြောက်ပဲသီးကုန်း ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ကိုးသန်း စုစုပေါင်းငွေကျပ် ၂၄ သန်းအသုံးပြုကာ ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လူနေမှု အဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**

စိတ်ထားဖြူစင် လူချစ်ခင်

- ဖြူစင်စွာ စိတ်ကောင်းထား
လူအများ ချစ်ခင်မည်၊
စိတ်ယုတ်တွေ ဘယ်မမွေး
အေးချမ်းအတည်၊
ဖြူစင်သော စိတ်ဓာတ်သည်
သန့်ရှင်းကြည် အမြဲတမ်း၊
ရိုးသားစွာ အသက်မွေးပြု
ရှေးရှုလျှောက်လှမ်း။

- ပရစိတ်ကို ရင်မှာလွှမ်း
အကြင်နာပန်း ပွင့်စေကွယ်၊
အားနည်းသူ ဖေးကူလျက်
ရှေ့ဆက်ကြမယ်၊
မိုက်အတ္တ ရှောင်ကြဉ်ပယ်
လူ့ဘဝဝယ် နေထိုင်မနေး၊
တန်ဖိုးဝင် လူသားအဖြစ်ကို
ထုဆစ်မယ်လေး။

- စိတ်ဓာတ်ကို မြှင့်တင်ပေးလို့
ဘဝအရေး ကောင်းပါစေ၊
ညစ်ညမ်းစွာ ဆိုစကား
ရှောင်ရှားစဉ်ပေ၊
ဖြူစင်ခြင်း ချစ်သဒ္ဓါဝေ
မေတ္တာတွေ ဖြန့်ကြက်သွား၊
ကောင်းမှုတွေ ရည်ရွယ်ခူးလို့
ကြည်နူးစေသား။ ။

လမင်းခန့်(ပညာရေး)

ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်တန်း နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပျောက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ချေးငွေထုတ်ချေးခြင်း လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)မှ တာဝန်ရှိသူများနှင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက Citizen Pay ဖြင့် Digital နည်းပညာကို အသုံးပြု၍ Mobile Phone မှတစ်ဆင့် ရွှေပျောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အထွေး**

အမေရိကန်နိုင်ငံ၌ အချိန်အကန့်အသတ်မရှိ ဘော်လ်ဆိုနာရို နေထိုင်နိုင်ကြောင်း အမေရိကန်သမ္မတပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၁

ဘရာဇီး အထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရို အနေဖြင့် အမေရိကန်နိုင်ငံ၌ ကာလအကန့်အသတ်မရှိ နေထိုင်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖလော်ရီဒါပြည်နယ်မာအာလာဂိုဂေါက်ကွင်း၌ ကျင်းပခဲ့သည့် ဟောလိုးဝင်းပွဲတော် ပါတီ၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘရာဇီး အထက်လွှတ်တော်အမတ် ဘော်လ်ဆိုနာရိုသည် ဘရာဇီးသမ္မတ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားကို အရေးနိမ့်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ ထွက်သွားခဲ့သူ ဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ ခေါင်းဆောင်အစစ်အမှန်မှာ ၎င်းသာဖြစ်ကြောင်း ဘော်လ်ဆိုနာရိုက အမေရိကန်နိုင်ငံသို့ ရောက်ရှိပြီးနောက် ကြေညာထားသည်။

ဘရာဇီးအထက် လွှတ်တော်အမတ် ဘောလ်ဆိုနာရိုအနေဖြင့် ၎င်းဆန္ဒရှိသလောက် အမေရိကန်နိုင်ငံ၌ နေထိုင်နိုင်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဂါနာ၏ နျူကလီးယားစွမ်းအင်စီမံကိန်း ရုရှားကူညီမည်



မော်စကို နိုဝင်ဘာ ၁

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထိ ထုတ်လုပ်နိုင်သော နျူကလီးယား စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် ဂါနာကို ကူညီရန် ရုရှားနိုင်ငံက သဘောတူထားကြောင်း ဂါနာနိုင်ငံခြားရေးဝန်ကြီး ဆမ်မြူရယ် အိုကူဇီတို အဘလာကွာက အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မော်စကိုမြို့၌ ကျင်းပခဲ့သည့် ရုရှား-အာဖရိက ထိပ်သီးညီလာခံ ကာလအတွင်း နှစ်ဖက်တာဝန်ရှိသူများ ဆွေးနွေးခဲ့ပြီးနောက် ဂါနာ နျူကလီးယား စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုကူညီရန် ရုရှားနိုင်ငံက သဘောတူခဲ့ခြင်းဖြစ်သည်။

အဆိုပါ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဂါနာနိုင်ငံ၏ စွမ်းအင်လုံခြုံရေးနှင့် စက်မှုလုပ်ငန်းများကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ဂါနာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

နျူကလီးယား စွမ်းအင်စီမံကန်းများအတွက် ဂါနာနိုင်ငံအပါအဝင် အာဖရိက လေးနိုင်ငံတို့နှင့် ဆွေးနွေးထားကြောင်း ရုရှား အစိုးရ၏ ရိုဆာတမ်နျူကလီးယား စွမ်းအင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု များမှတစ်ဆင့် အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရုရှား-အာဖရိက ထိပ်သီးညီလာခံကို ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။

ယခုနှစ် ရုရှား-အာဖရိက ထိပ်သီးညီလာခံတွင် ရုရှားနှင့် ဂါနာနိုင်ငံတို့သည် ကာကွယ်ရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အတွက်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆီနာလီယိုဂလူကို တူကီယဲ အမည်စာရင်းတင်သွင်း



အင်ကာရာ နိုဝင်ဘာ ၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် တူကီယဲနိုင်ငံခြားရေး ဝန်ကြီးဟောင်းနှင့် ကုလသမဂ္ဂဆိုင်ရာ တူကီယဲ သံအမတ်ကြီးဟောင်း ဆီနာလီယိုဂလူကို တူကီယဲ အစိုးရက တရားဝင်အမည်စာရင်း ပေးသွင်းထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၇၀ ရှိ ဆီနာလီယိုဂလူသည် ၂၀၁၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကြားကာလ တူကီယဲ နိုင်ငံခြားရေး ဝန်ကြီးအဖြစ် လအနည်းငယ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် ကြားကာလအတွင်း ကုလသမဂ္ဂဆိုင်ရာ တူကီယဲသံအမတ်ကြီးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။

လက်ရှိတွင် ဆီနာလီယိုဂလူသည် ဩစတြီးယားနိုင်ငံ ဗီယင်နာအခြေစိုက် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူလျက်ရှိသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ရွေးချယ်ပေးထားသည့် အတွင်းရေးမှူးချုပ် သစ်ကို အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံရှိသော ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုပေးမည်ဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြီးဆုံး

အတ္တလန်တာ နိုဝင်ဘာ ၁

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်ရက်ကြာ ဆွေးနွေးပွဲများသည် နိုင်ငံတကာလုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် ရယူနိုင်မှုမရှိဘဲ အောက်တိုဘာ ၃၁ ရက်တွင် ပြီးဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ ဂျီ-၂၀ အုပ်စုသည် အောက်တိုဘာ ၃၁ ရက်တွင် ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်မှု မရှိဘဲ ဂျီ-၂၀ အလှည့်ကျ ဥက္ကဋ္ဌ အမေရိကန်နိုင်ငံ၏ ဆွေးနွေးပွဲ အကြောင်းအရာ အနှစ်ချုပ် ကြေညာချက်ကိုသာ ထုတ်ပြန်နိုင်ခဲ့သည်။

ယခုနှစ် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အမေရိကန်နိုင်ငံ ကျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့၌ အောက်တိုဘာ ၃၀ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲများတွင် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများသည် အရေးကြီးသော ကမ္ဘာ့လုံခြုံရေးကိစ္စများ၊ အထူးသဖြင့် ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ သဘောထား ကွဲလွဲခဲ့ကြကြောင်း သိရသည်။

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ယူကရိန်း၊ အီရန်စစ်ရေးပဋိပက္ခ၊ အမေရိကန် အစိုးရ၏ အခွန်စည်းကြပ်မှု၊ တရုတ်နိုင်ငံ၏ တောင်တရုတ် ပင်လယ်လှူပ်ရှားမှုတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကိစ္စများသည် ကမ္ဘာတစ်ဝန်းလောင်စာဆီ ဈေးနှုန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနေသော ကိစ္စများဖြစ်ကြကြောင်းသိရသည်။

Ref : RT

Trs : KKO


အီရန်နှင့် ကာတာနိုင်ငံတာဝန်ရှိသူများ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေး

ဒိုဟာ နိုဝင်ဘာ ၁

အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် အီရန်နှင့် ကာတာနိုင်ငံ တာဝန်ရှိသူများသည် အောက်တိုဘာ ၃၁ ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများပြီးဆုံးပြီးနောက် စစ်ရေးပဋိပက္ခသစ်များပြန်လည်ဖြစ်ပွားနိုင်မည့် အရေးကို ရှောင်ရှားနိုင်ရေးအတွက် နိုင်ငံတကာသံတမန်များက ကြိုးပမ်းနေချိန်တွင် အီရန်နှင့် ကာတာနိုင်ငံတာဝန်ရှိသူများ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများ မကျင်းပမီ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း



အီရန်ကိုစစ်ရေးအရ တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားသည်။

သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲများ ပြီးဆုံးချိန်တွင် အီရန်ကို စစ်ရေးအရတိုက်ခိုက်မှုများ ပြန်လည် စတင်ရေးအတွက်အပြီး သတ်ဆုံးဖြတ်ချက်များ ချမှတ်ရသေးခြင်းမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုက ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် အီရန်စစ်ရေးပဋိပက္ခကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန်ပို၍လိုလားကြောင်း နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ပြောကြားထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများ ပြီးဆုံးချိန်တွင် အီရန်နိုင်ငံကို တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်နိုင်ခြေရှိသည်ဟု ဒေသတွင်းနိုင်ငံများက ယူဆထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

Starship အာကာသဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်၏ ရက်ပ်တာအမျိုးအစားဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့



ဝါရှင်တန် နိုဝင်ဘာ ၁

အမေရိကန်နိုင်ငံ အခြေစိုက် Starship အာကာသဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်၏ ရက်ပ်တာအမျိုးအစား ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Starship အာကာသဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်၏ ရက်ပ်တာအင်ဂျင်များ စမ်းသပ်မှုကို ဆောက်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း၌ ပြုလုပ်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship –15 မစ်ရှင်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ခဲ့ရာ Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပထမဆုံးအကြိမ် အဖြစ် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက ထုတ်ပြန်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship –15 မစ်ရှင်ကို နိုဝင်ဘာလ အတွင်း လွှတ်တင်ရန်စီစဉ်ထားသည်ဟု ကုမ္ပဏီအကြီးအကဲ အီလွန်မက်က ပြောကြားထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship–14 မစ်ရှင်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ခဲ့ရာ Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပထမဆုံးအကြိမ် အဖြစ် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : KKO

အမျိုးသမီးများ၏ အရိုးသိပ်သည်းဆကို တက်စတိုစတာရုန်းဟော်မုန်းက အထောက်အကူပြု

နယူးယောက် နိုဝင်ဘာ ၁

အမျိုးသမီးများ၏ အရိုးသိပ်သည်းဆကို တက်စတိုစတာရုန်းဟော်မုန်းက အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟော်မုန်းအစားထိုးကုထုံးများတွင် တက်စတိုစတာရုန်းဟော်မုန်းကို ထည့်သွင်းပေးပါက ဓမ္မတာရာသီကုန်ဆုံးပြီးဖြစ်သော အမျိုးသမီးများ၏ အရိုးသိပ်သည်းဆကို ကာကွယ်နိုင်ကြောင်း၊ ၎င်းအမျိုးသမီးများ၌ အီစထရိုဂျင် ဟော်မုန်း ကျဆင်းလာမှုသည် အရိုးပွရောဂါ ဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ သက်ကြီးပိုင်းအမျိုးသမီးများ၌ အရိုးပွရောဂါဖြစ်ပွားမှုကို ကာကွယ်ရေးအတွက် အီစထရိုဂျင် ဟော်မုန်းကုထုံးများကို အသုံးပြုလေ့ရှိသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှု ရလဒ်များအရ တက်စတိုစတာရုန်း ဟော်မုန်းသည် အမျိုးသမီးများ၏ အရိုးကျန်းမာရေးအတွက် အီစထရိုဂျင် ဟော်မုန်း၏ အာနိသင်ကို အားဖြည့်ပေးနိုင်ကြောင်း၊ တက်စတိုစတာရုန်း ဟော်မုန်းသည် အမျိုးသား လိင်ဟော်မုန်းဖြစ်သော်လည်း ဓမ္မတာရာသီကုန်ဆုံးပြီးသည့် အမျိုးသမီးများ၏ ကျန်းမာရေးအတွက်လည်း အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နိုင်ငံတကာအာကာသစခန်းအတွက် နေစွမ်းအင်ပြားသစ်ကို နာဆာနှင့် ကနေဒါအာကာသယာဉ်မှူးတို့က တပ်ဆင်

ဝါရှင်တန် နိုဝင်ဘာ ၁

နိုင်ငံတကာအာကာသစခန်းအတွက် နေစွမ်းအင်ပြားသစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး အန်နီးလ်မီနွန်နှင့် ကနေဒါအာကာသယာဉ်မှူး ဂျီရှူဝါကပ်ထရစ်ခ်တို့က အောင်မြင်စွာ တပ်ဆင်ပေးခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

နာဆာနှင့်ကနေဒါအာကာသယာဉ်မှူးတို့သည် အောက်တိုဘာ ၂၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ အထက်ပါ နေစွမ်းအင်ပြားကို အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နာဆာနှင့် ကနေဒါအာကာသယာဉ်မှူးနှစ်ဦးတို့၏ အဆိုပါ နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုသည် ခုနစ်နာရီနှင့် ၁၁ မိနစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဂျီရှူဝါကပ်ထရစ်ခ်သည် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့သော ပဉ္စမမြောက် ကနေဒါ အာကာသယာဉ်မှူးဖြစ်ကြောင်း သိရသည်။



အဆိုပါ နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုသည် နာဆာအာကာသယာဉ်မှူး အန်နီးလ်မီနွန်အတွက် စတုတ္ထအကြိမ်မြောက်ထွက်ခွာမှုဖြစ်ပြီး ကနေဒါအာကာသယာဉ်မှူး ဂျီရှူဝါကပ်ထရစ်ခ်အတွက် ပထမဆုံးထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူးများသည် ၂၀၀၂ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုပေါင်း ၂၈၅ ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

PPIs ဆေးများကို တစ်လကျော် သောက်သူများတွင် နှလုံးပြဿနာများပေါ်လာနိုင်ခြေ မြင့်တက်နိုင်

ကွာလာလမ်ပူ နိုဝင်ဘာ ၁

လေပူတက်မှုပြဿနာ (Heartburn)ကို ကုသရာတွင် အသုံးပြုသည့် Omeprazole ကဲ့သို့ Proton Pump Inhibitors(PPIs) ဆေးများကို တစ်လကျော်ကြာ သောက်သုံးသူများတွင် နှလုံးပြဿနာများ ပေါ်လာနိုင်ခြေမြင့်တက်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

PPIs ဆေးများကို တစ်လကျော်သုံးစွဲခဲ့သူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက နှလုံးရုတ်တရက်ဖောက်မှုကဲ့သို့ နှလုံးပြဿနာများ ပေါ်လာနိုင်ခြေ ၅၈ ရာခိုင်နှုန်း မြင့်မားလာနိုင်ကြောင်း၊ နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေလည်း ၃၈ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်ဟု မလေးရှား အမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

PPIs ဆေးများသည် အက်စစ်ပြန်စီးမှု(Acid Reflux)၊ လေပူတက်မှုနှင့် အစာအိမ်ဖက်ခွက်နာရောဂါများအတွက် အသုံးပြုနေသည့် ဆေးများဖြစ်ပြီး အစာအိမ်အတွင်းရှိ အက်စစ်ပမာဏကို လျှော့ချပေးခြင်းဖြင့် အဆိုပါကျန်းမာရေးပြဿနာများကို ကုသပေးကြောင်း သိရသည်။

သို့ရာတွင် PPIs ဆေးများကို သုံးစွဲရာတွင် ဘေးထွက်ဆိုးကျိုးများကို ရှောင်ရှားရေးအတွက် ဆေးသုံးစွဲမှုကာလကို လျှော့ချရန် လိုကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

Ref : Sputnik News
Trs : KKO



မျိုးဆက်သစ်တည်နေရာနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တုတစ်စင်းကို အိန္ဒိယအမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာ လွှတ်တင်

နယူးဒေလီ နိုဝင်ဘာ ၁

မျိုးဆက်သစ် တည်နေရာနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တု တစ်စင်းကို အိန္ဒိယအမျိုးသား အာကာသအေဂျင်စီက အောက်တိုဘာ ၃၀ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

NVS–03 အမည်ရှိ အဆိုပါ ဂြိုဟ်တုကို ဂျီအက်စ်အယ်လ်ဗွီ မာ့ခ်–၂ ဒုံးပျံဖြင့် ဆာတစ်ရှဲဒါဝန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဂျီအက်စ်အယ်လ်ဗွီမာ့ခ်–၂ ဒုံးပျံသည် NVS–03 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်ဟု အိန္ဒိယအမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

NVS–03 ဂြိုဟ်တုသည် အိန္ဒိယအာကာသအေဂျင်စီက ၎င်း၏ တည်နေရာနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် တတိယမြောက် မျိုးဆက်သစ်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

NVS–03 မစ်ရှင်သည် ဂျီအက်စ်အယ်လ်ဗွီမာ့ခ်–၂ ဒုံးပျံများ၏ ၁၄ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်သည်ဟု အိန္ဒိယအမျိုးသား အာကာသ အေဂျင်စီတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

အိန္ဒိယအမျိုးသားအာကာသ အေဂျင်စီသည် ဂျီအက်စ်အယ်လ်ဗွီမာ့ခ်–၂ ဒုံးပျံများကို ၂၀၁၀ ပြည့် နှစ်တွင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

LFC1 ပြိုင်ပွဲအတွက် လက်မှတ်များကို အနိမ့်ဆုံးငွေကျပ် ၄၅၀၀၀ မှ အမြင့်ဆုံးငွေကျပ် ၄၀၀၀၀၀ ထိ သတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၁

LFC အဖွဲ့ချုပ်က LFC1 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အတွက် လက်မှတ်များကို ယနေ့မှ စတင်ရောင်းချနေပြီဖြစ်ပြီး အနိမ့်ဆုံးငွေကျပ် ၄၅၀၀၀ မှ အမြင့်ဆုံးငွေကျပ် ၄၀၀၀၀၀ ထိ သတ်မှတ်ထားကြောင်း သိရသည်။

LFC အဖွဲ့ချုပ်သည် LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ အတွက် လက်မှတ်ဈေးနှုန်းများ အဖြစ် ကျပ် ၄၅၀၀၀၊ ၆၉၀၀၀၊ ၉၀၀၀၀၊ ၁၂၅၀၀၀၊ ၂၅၀၀၀၀၊ ၃၅၀၀၀၀ ဟူ၍ အမျိုးအစားရှစ်မျိုးသတ်မှတ်ကာ အွန်လိုင်းမှတစ်ဆင့် စတင်ရောင်းချနေပြီဖြစ်သည်။

LFC အဖွဲ့ချုပ်သည် LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ Hexagon Complex ၌ ကျင်းပမည်ဖြစ်သည်။

LFC အဖွဲ့ချုပ်သည် မူလက LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ပရိသတ်များအတွက် ပိုမိုကောင်းမွန်သည့်တွဲဆိုင်းများ ထည့်သွင်းကျင်းပနိုင်ရန် နိုဝင်ဘာ ၁၄ ရက်သို့ နောက်ဆုတ် ကျင်းပရခြင်းဖြစ်ပြီး စုစုပေါင်း တွဲဆိုင်း ကိုးဆိုင်းအနက် အမျိုးသမီးတွဲဆိုင်း နှစ်ဆိုင်း ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

LFC1 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မြန်မာလက်ဝှေ့သမားများက တစ်ဖက်၊ ပြည်ပလက်ဝှေ့သမားများက တစ်ဖက် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားပြီး မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ထားသည့် မြန်မာ့ရိုးရာလက်ဝှေ့ စည်းမျဉ်းစည်းကမ်းများအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

စတုတ္ထအကြိမ်မြောက် လူငယ်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆီနီဂေါနိုင်ငံ၌ ကျင်းပ



ဒါကာ နိုဝင်ဘာ ၁

စတုတ္ထအကြိမ်မြောက် လူငယ်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က ဆီနီဂေါနိုင်ငံ ဒီယာမ်နီယာဒီယိုမြို့၌ ကျင်းပခဲ့ကြောင်း Xinhua သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ လူငယ်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီယာမ်နီယာဒီယိုမြို့ရှိ ပရိသတ်ဦးရေ ၅၅၀၀၀ ဆံ့ အက်ဒူယာယေဝိတ် အားကစားကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ဆီနီဂေါနိုင်ငံ အလှအပများနှင့် သမိုင်းကြောင်းများကို ထုတ်ဖော်ပြသခွင့်ရရှိခဲ့ကြောင်း အမှာစကား တွင်ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များ ဆက်လက် ထည့်သွင်းကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် လူငယ်အိုလံပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အားကစားသမားဦးရေ ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ပြီး အားကစားနည်း ၂၅ မျိုး ထည့်သွင်း ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်က စတင်၍ နိုဝင်ဘာ ၁၃ ရက်ထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

မြန်မာဖူဆယ်လိဂ်ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၁၆) ပွဲစဉ်များ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ် (၁၆) ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက ပစိဖိတ် ဆန်းဖားအသင်းနှင့် Bushido အသင်းတို့ကစားခဲ့ရာ ပစိဖိတ် ဆန်းဖားက ကိုးဂိုး ငါးဂိုး၊ နံနက် ၁၀ နာရီက Jullniss အသင်းနှင့် မင်းမဟော်အသင်းတို့ ကစားခဲ့ရာ မင်းမဟော်အသင်းက ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး နံနက် ၁၁ နာရီခွဲက အဗန်ဂျာလိုင်းယွန်း အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက မာရိန်အသင်းနှင့် TKA Star အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက SGF Youth အသင်းနှင့် ယူနိုက်တက်စီးတီး အသင်းတို့ ကစားခဲ့ရာ SGF Youth အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ ဗစ်တိုးရီးယားအသင်းနှင့် မဟာဘားမားအသင်းတို့ ပွဲစဉ်တွင် ဗစ်တိုးရီးယားအသင်းက ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၆)အပြီးတွင် ဗစ်တိုးရီးယားအသင်းက ၁၃ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

STA

ချဲလ်ဆီးအသင်းကိုရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်း ၁၉၈၈ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံး

မန်ချက်စတာ နိုဝင်ဘာ ၁

မန်ယူအသင်းသည် အောက်တိုဘာ ၃၁ ရက်က ပရီမီးယားလိဂ် ပြိုင်ပွဲပွဲစဉ်(၉)အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်နောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် ပြိုင်ပွဲစုံ ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီဝက် ကာလတွင် နည်းပြအမိုရင်ကို ထုတ်ပယ်ခဲ့ပြီး ယာယီနည်းပြအဖြစ် ကာရစ်ကို ခန့်အပ်ခဲ့ရာ ရလဒ်ကောင်းများ ဆက်တိုက်ရယူခဲ့ကာ ရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဝင်ခွင့်ရရှိခဲ့ပြီးနောက် နည်းပြကာရစ်ကို နှစ်နှစ်စာချုပ်ဖြင့် အတည်ပြုခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြကာရစ်လက်အောက်တွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး ချဲလ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ကိုးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့သည်ထိ အခြေအနေဆိုးရွားလာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၁ရက်က မန်ယူအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆာဘတ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နိုင်ပွဲပျောက်ဆုံး နေခြင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့သည့် ကိုးပွဲတွင် သုံးပွဲသရေရလဒ်နှင့် ခြောက်ပွဲထိ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ၁၉၈၈ ခုနှစ်က နည်းပြဟောင်း ဖာဂူဆန် လက်ထက်တွင် ကိုးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့ပြီးနောက် ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

ကွမ်ကျီးအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် အင်္ဂလန်တင်းနစ်မယ် ဟာရစ်ဒက် ချန်ပီယံဆု ဆွတ်ခူး

ပေကျင်း နိုဝင်ဘာ ၁

တရုတ်နိုင်ငံ ကွမ်ကျီးမြို့တွင် ကျင်းပခဲ့သည့် ကွမ်ကျီးအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အင်္ဂလန်တင်းနစ်မယ် ဟာရစ်ဒက်က ဩစတြီးယား တင်းနစ်မယ် တက်ဂါကို အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွမ်ကျီးအိုးပင်း အမျိုးသမီး တစ်ဦးချင်းတင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင်ကစားခဲ့ရာ ဟာရစ်ဒက်က ပထမပွဲငယ်တွင် (၄-၆)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် (၆-၃)ရလဒ်ဖြင့် ပြန်လည်အနိုင်ရပြီး တတိယပွဲငယ်တွင်လည်း(၆-၄) ရလဒ်ဖြင့် ထပ်မံအနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



ဟာရစ်ဒက်က "ကျွန်မအတွက် အချိန်အများကြီး ပေးဆပ်ခဲ့ပြီးမှ အခုလို အဓိကချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ပြိုင်ပွဲတစ်လျှောက် တကယ်ကိုခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရတာပါ။ အခုလို အောင်မြင်မှု လိုချင်ခဲ့တာကြာပါပြီ။ နောက်ဆုံးတော့ ကျွန်မ လိုချင်ခဲ့တဲ့အရာကို လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ အားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးအများကြီး တင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဟာရစ်ဒက်သည် ယခုပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် တစ်ဦးချင်း ပြိုင်ပွဲများ၌ ပထမဆုံးအကြိမ် အဖြစ် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : WTA
Trs : STA

အမ်ဘီလီကို အနိုင်ရပြီး WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ကာနယ်လို ဆွတ်ခူး

ရီယာဒ် နိုဝင်ဘာ ၁

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့တွင် အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည့် WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိ ချန်ပီယံ ပြင်သစ်လက်ဝှေ့သမား အမ်ဘီလီနှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လို တို့ထိုးသတ်ခဲ့ရာ ကာနယ်လိုက ဒိုင်အမှတ်ဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ဆွတ်ခူးခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ် အစောပိုင်းအချီများတွင် အပြန်အလှန် ထိုးသတ်မှုများဖြင့် ကွာခြားမှုမရှိခဲ့သော်လည်း ခုနစ်ချီမြောက်မှ စတင်ပြီး နောက်ဆုံးအချီထိ ကာနယ်လိုက ဖိအားပေးထိုးသတ်ခဲ့ပြီးနောက် ဒိုင်အမှတ်ဖြင့်ဆုံးဖြတ်ခဲ့ရာတွင် အမှတ်ပေး ဒိုင်သုံးဦးလုံးက ကာနယ်လိုကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

WBC စူပါမစ်ဒယ် ဝိတ်တန်း ချန်ပီယံဟောင်း ကာနယ်လိုသည် ၂၀၂၅ ခုနှစ်က အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်ကိုရှုံးနိမ့်ခဲ့ကာ ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရခဲ့ခြင်းဖြစ်သည်။

ထို့နောက် WBC စူပါမစ်ဒယ် ဝိတ်တန်းတွင် ချန်ပီယံ ခရောဖို့ဒ်က ၂၀၂၅ ခုနှစ်အတွင်း အနားယူပြီး ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့သည့်အတွက် အဆင့် (၁)နေရာတွင် ရပ်တည်နေသည့် အမ်ဘီလီက ချန်ပီယံခါးပတ်ရှိခဲ့သော်လည်း ယခုအခါ ချန်ပီယံဟောင်းကာနယ်လိုကို ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံခါးပတ်ကို ပြန်လည် လက်လွှတ်ခဲ့ရကြောင်း သိရသည်။

Ref : TNT Sports
Trs : STA

Wistron Ladies Open ဂေါက်သီးရိုက် ပြိုင်ပွဲချန်ပီယံဆု အလက်ဇန်းဒါး ဆွတ်ခူး

တရုတ်(တိုင်ပေ) နိုဝင်ဘာ ၁

တရုတ်(တိုင်ပေ) တွင် ကျင်းပခဲ့သည့် Wistron Ladies Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်မယ် အလက်ဇန်းဒါးက ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း Ladies Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယ အကျော့အပြီးတွင် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်မယ် ချန်ဝမ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ဖြင့် ပထမ၊ အလက်ဇန်းဒါးက သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ဖြင့် ဒုတိယ၊ အင်္ဂလန် ဂေါက်သီးရိုက်မယ် စခရင်က သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယနေ့ကျင်းပခဲ့သည့် နောက်ဆုံးအကျော့ အပြီးတွင် အလက်ဇန်းဒါးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက် လျော့ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲအပြီး အလက်ဇန်းဒါး၏နောက်တွင် အင်္ဂလန် ဂေါက်သီးရိုက်မယ် စခရင်က သတ်မှတ်ရိုက်ချက်ထက် ၂၁ချက် လျော့ဖြင့် ဒုတိယ၊ တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်မယ် ပိုင်ယင်တိုင်၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ရှိဒက် တို့က သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီဖြင့် တတိယနေရာတွင် အသီးသီး ရပ်တည်ခဲ့သည်။

အလက်ဇန်းဒါးသည် Wistron Ladies Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အတွက် Ladies European Tour အဆင့်ပြိုင်ပွဲတွင် တတိယမြောက် ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။ **Ref : Ladies Tour**
Trs : STA



အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွဲ့ပွဲစဉ်တွင် ဧရာဝတီအသင်းက နာဂိုယောင်းအသင်းကို ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စု(A) အုပ်စုအဖွဲ့ပွဲစဉ် အဖြစ် ယနေ့ည ၇ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုကလပ် ဧရာဝတီအသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုယောင်းအသင်းတို့ ကစားခဲ့ရာ ဧရာဝတီအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နာဂိုယောင်းအသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၄၃ မိနစ်တွင် Ri Kuk Hyang နှင့် ပွဲချိန် ၄၅ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် Jong တို့က နာဂိုယောင်းအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပြီးနောက် ပထမပိုင်းအပြီးတွင် နာဂိုယောင်း အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း နာဂိုယောင်းအသင်းက ဆက်လက် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် Kum Jong၊ ပွဲချိန် မိနစ် ၇၀ တွင် Kim Kyong Yong၊ ပွဲချိန် ၈၁ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တွင် တို့တွင် Choe Yon၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် Choe Kum တို့က နာဂိုယောင်းအသင်းအတွက် သွင်းဂိုးများ ဆက်လက်သွင်းယူခဲ့ပြီး နောက် ပွဲပြီးဆုံးချိန်တွင် နာဂိုယောင်းအသင်းက ဧရာဝတီအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။

ယနေ့ကစားခဲ့သည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) အခြားပွဲစဉ်အဖြစ် ကစားခဲ့သည့် အီရန်ကလပ်ဘန်ခါတွန်အသင်းနှင့် ဂျပန်ကလပ် ကိုဘေးလီယိုနက်ဆာ အသင်းတို့ ပွဲစဉ်တွင် ကိုဘေးလီယို နက်ဆာ အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

STA

အာဆင်နယ်အသင်းနည်းပြ အာတီတာက ဒီကလန်ရိုက်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီဟု ပြောကြား

လန်ဒန် နိုဝင်ဘာ ၁

အာဆင်နယ်အသင်း နည်းပြ အာတီတာက အသင်းမှ အဓိက ကွင်းလယ်ကစားသမား ဒီကလန် ရိုက်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်သဘောတူညီမှု ရရှိထားပြီဟု ပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီကလန်ရိုက်သည် ၂၀၂၃ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ အာဆင်နယ်အသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီ တိုင်းတွင် ခြေစွမ်းပြကစားနေသူ ဖြစ်သည်။

ဒီကလန်ရိုက်နှင့် အာဆင်နယ် အသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အာဆင်နယ်အသင်းက ယခုနှစ်ဘောလုံးရာသီအစပိုင်းက သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ သဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။

နည်းပြ အာတီတာက “ကျွန်တော် ဒီကလန်ရိုက်နဲ့ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပြီးပါပြီ။ သူခံစားချက်က ဒီမှာကာလရှည်ကစားလိုတာပါ။ အသင်းတာဝန်ရှိသူတွေကလဲ သူနဲ့စာချုပ်သစ် ချုပ်ဆိုဖို့ အားလုံးပြောဆိုထားပြီးပါပြီ။ စာချုပ်သစ်အတွက်သဘောတူညီမှုရရှိထားပြီး မကြာခင် အတည်ပြု လက်မှတ်ရေးထိုးသွားမှာပါ” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

အေတီကိုအသင်းတွင် စပိန်လာလီဂါနိုင်ပွဲအများဆုံးနည်းပြအဖြစ် ရပ်တည်နေသည့် အာရာဂိုနက်ကို နည်းပြဆီမြွှန်နီ လိုက်မီ



မက်ဒရစ် နိုဝင်ဘာ ၁

အေတီကိုအသင်း နည်းပြ ဆီမြွှန်နီသည် အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါနိုင်ပွဲအများဆုံးအဖြစ် ရပ်တည်နေသည့် နည်းပြဟောင်း အာရာဂိုနက်ကို လိုက်မီခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်လာလီဂါ ပြိုင်ပွဲပွဲစဉ် (၁၁) အဖြစ် အောက်တိုဘာ ၃၁ ရက်က ကစားခဲ့သည့် အေတီကို အသင်းက လီဗန်တေးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် နည်းပြဆီမြွှန်နီသည် အေတီကို အသင်းနှင့်အတူ နိုင်ပွဲ ၃၄၄ ပွဲထိ ရှိလာခဲ့ကာ နည်းပြအာရာဂိုနက်၏ နိုင်ပွဲ အရေအတွက်ကို လိုက်မီခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဆီမြွှန်နီသည် ၂၀၁၁ ခုနှစ်ကစ၍ အေတီကိုအသင်းကို ဆယ်စုနှစ် တစ်ခုကျော်ကြာ တာဝန်ယူကိုင်တွယ်နေပြီး လီဗန်တေးအသင်းနှင့်ပွဲစဉ်တွင် အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၅၆၅ ပွဲတာဝန်ယူ ကိုင်တွယ်ခဲ့ရာ ၃၄၄ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းတွင် နည်းပြဆီမြွှန်နီမတိုင်မီက စပိန်လာလီဂါနိုင်ပွဲအများဆုံး နည်းပြအဖြစ် နည်းပြဟောင်း အာရာဂိုနက်က ၇၅၆ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာနိုင်ပွဲ ၃၄၄ ပွဲဖြင့် ရပ်တည်နေပြီး ယခုအခါနည်းပြဆီမြွှန်နီက နည်းပြအာရာဂိုနက်ထက် ပွဲစဉ်ပိုမိုနည်းပြီး နိုင်ပွဲ ၃၄၄ ပွဲ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

အသားကဏ္ဍဖူလုံရေး ဆိတ်မွေးမြူရေးအားပေး

စံမြတ်ဘုန်း(စစ်ကိုင်း)



မြန်မာနိုင်ငံတွင် နေ့စဉ်လူမှုဘဝများ၏ အသားစားသုံးမှုကို လေ့လာကြည့်လျှင် ကြက်သားကို လူမျိုးမရွေး၊ ဘာသာမရွေး စားသုံးကြသော်လည်း ဝက်သားနှင့် အမဲသားကိုမူ ကျန်းမာရေးအရသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း ရှောင်ကြဉ်သူများလည်းရှိသည်။ အမဲသားနှင့် ဝက်သား ရှောင်ကြဉ်သူအများစုသည် ကြက်သား၊ ငါး၊ ပုစွန်နှင့် ဆိတ်သားကို ရွေးချယ်စားသုံးကြသည်။ အသားတွင်ပါဝင်သည့် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များသည် လူများအတွက် ခွန်အားပြည့်ဖြိုးမှုကိုပေးစွမ်းသည်။ အသားကို တိရစ္ဆာန်အမျိုးမျိုးမှရရှိနိုင်ပြီး ဆိတ်သားသည် လူကြိုက်များသည့်အသားတစ်မျိုးဖြစ်သည်။

အာရှ၊ ကာရစ်ဘီယံနှင့် အရှေ့အလယ်ပိုင်း ဒေသများရှိ အစားအစာများတွင် ဆိတ်သားကို အစဉ်အလာအားဖြင့် စားသုံးလေ့ရှိကြသော်လည်း အနောက်နိုင်ငံများတွင် ဆိတ်သားစားသုံးမှု နည်းပါးသည်ကို တွေ့ရသည်။ ဆိတ်သားကို ကျန်းမာရေးနှင့် အညီညွတ်ဆုံး အနီရောင်အသားများထဲမှ တစ်ခုအဖြစ် သတ်မှတ်ကြသည်။ ဆိတ်သားသည် အခြားသော အသားများနှင့် နှိုင်းယှဉ်ပါက ပြည့်ဝဆီနှင့် ကိုလက်စထရောပမာဏ နည်းပါးပြီး သံဓာတ်ပိုမိုကြွယ်ဝစွာ ပါဝင်သည်။ ဆိတ်သားတွင် ထူးခြားပြင်းပြသောအရသာ (gamey flavor) ရှိပြီး သိုးသားထက် ပိုမိုချိုသော်လည်း အမဲသားလောက် မချိုပေ။ ဆိတ်သား၏ထူးခြားသောအရသာကို ပိုမိုကောင်းမွန်စေရန်အတွက် ဟင်းခတ်အမွှေးအကြိုင်များစွာ ထည့်သွင်းချက်ပြုတ်ကြလေ့ရှိသည်။

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုစကား အတိုင်း အာဟာရရှိသော အစားအစာတိုင်း ကောင်းကျိုး၊ ဆိုးကျိုးရှိသဖြင့် သတိပြုဆင်ခြင် စားသုံးကြရမည်ဖြစ်သည်။ ဆိတ်သားတွင် ပရိုတင်း၊ သံဓာတ်၊ ဗီတာမင် B12၊ ဇင့်နှင့် ပိုတက်စီယမ်တို့ အပါအဝင် အာဟာရဓာတ်များစွာ ပါဝင်သည်။ ဆိတ်သားသည် ခန္ဓာကိုယ်တစ်ရှူးများနှင့် ကြွက်သားများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ပြန်လည်တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်းဓာတ်ကို ကောင်းစွာပေးစွမ်းနိုင်ပေသည်။ ထို့ကြောင့် ဆိတ်သားကို ကျန်းမာရေးနှင့် ညီညွတ်သောအသားအဖြစ် သတ်မှတ်စားသုံးနိုင်သည်။ ဆိတ်သားသည် အဆီနည်းပါးပြီး ပရိုတင်းဓာတ်ကြွယ်ဝသကဲ့သို့ ကယ်လိုရီလည်း နည်းပါးသည်။ ကိုယ်အလေးချိန်လျော့ချလိုသူများအတွက် အထောက်အကူဖြစ်စေနိုင်သည်။ ဆိတ်သား ၈၅ ဂရမ်တွင် ပြည့်ဝဆီတစ်ဂရမ်ခန့်သာပါဝင်ပြီး အဆိုပါပမာဏသည် အခြားအသားနှင့် နှိုင်းယှဉ်ပါက နည်းပါးလှသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းသည် အစာကုန်ကျစရိတ်အနည်းဆုံးနှင့် အလွယ်တကူမွေးမြူနိုင်သည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှု နည်းပါးစွာဖြင့် ကောင်းစွာပြုလုပ်နိုင်ပြီး အချိန်တိုအတွင်း ဆိတ်ကောင်ရေတိုးပွားလာနိုင်သဖြင့် ဝင်ငွေရရှိမှုလျင်မြန်သောလုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာဆိတ်မျိုးဖြစ်သည့် ထိန်စမ်းဆိတ်မျိုးကို မန္တလေးတိုင်းဒေသကြီး ပုပ္ပားနယ်တစ်ဝိုက်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ နတ်မောက်မြို့နယ်များတွင် မွေးမြူလေ့ရှိကြသည်။ ထိန်စမ်းဆိတ်မျိုးသည် အလုံးအရပ်ထွားကျိုင်းသည်။ ကိုယ်လုံးဖြူ၍ ဦးခေါင်းမဲသည်။ နှာခေါင်းပိုင်းအမွေးဖြူလေ့ရှိပြီး မုတ်ဆိတ်ဖား နားရွက်ရှည်ကာ တွဲလောင်းကျသည်။ ဦးချိုနောက်ဘက်လန်သည်။ ပျမ်းမျှကိုယ်အလေးချိန်မှာ အထီးဖြစ်ပါက ၅၀ ကီလို၊ အမဖြစ်ပါက ၂၉ ကီလိုဖြစ်သည်။

ဂျိတ်နီဆိတ်မျိုးကို မန္တလေးတိုင်းဒေသကြီး တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တစ်ခွင်တွင် မွေးမြူလေ့ရှိကြသည်။ ဆိတ်၏ အရွယ်အစားကြီးမားလှပြီး နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင်ရှိသည်။ ကိုယ်အလေးချိန်အားဖြင့် အထီးကီလို ၅၀ ရှိပြီး အမ ၄၂ ကီလိုရှိသည်။ ဝေသာလီဆိတ်မျိုးကိုမူ မကွေးတိုင်း ပခုက္ကူ ရေစကြို၊ ပေါက်၊ မြိုင်မြို့နယ်တစ်ခွင်တွင် မွေးမြူလေ့ရှိကြသည်။ ဝေသာလဆိတ်မျိုးသည် အလုံးအထည်သွယ်ပြီး အမွေးရောင်မှာ အညိုရောင်အနက်ဘက် ဆက်နွယ်သည်။ ကိုယ်အလေးချိန်မှာမူ အထီး ၃၈၀ကီလို၊ အမ ၃၁ ကီလို ရှိသည်။

ဆိတ်မွေးမြူရေးသည် ပူပြင်းခြောက်သွေ့သော ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ ဆိတ်မွေးမြူရာတွင် ကုန်းမြင့်သောနေရာတွင် ဆိတ်ခြံဆောက်လုပ်၍ စင်တင်မွေးရမည်။ ဆိတ်သည် ရေစိုခြင်းကို ကြောက်၍ ခြေအေးမခံနိုင်သော သတ္တဝါဖြစ်သောကြောင့် မိုးရွာလျှင် စားကျက်မှ ခြံသို့ ပြန်ပြေးကြလေ့ရှိသည်။ ဆိတ်များကို လွတ်ကျောင်းမွေးမြူခြင်းသည် ဆီးပင်၊ ခံပင်၊ ဘောစကိုင်း၊ ပါရာမြက်၊ မြေစာမြက်များကို စားနိုင်သဖြင့် ကိုယ်လက်လှုပ်ရှားသန်မာမှုကို ဖြစ်စေသည်။ အစာနု၊ ပဲဖတ်၊ ဝါစေ့ဖတ်၊ နှမ်းဖတ်၊ ဆန်ကွဲ၊ ဖွဲနုနှင့် ဖြည့်စွက်စာကျွေးပါက ပိုမိုဖြစ်ထွန်းနိုင်သည်။

ဆိတ်တစ်အုပ်တွင် ဆိတ်သိုးအကြီး တစ်ကောင်နှင့် တစ်နှစ်သား ဆိတ်သိုးအငယ် တစ်ကောင် လိုအပ်သည်။ ဆိတ်မအကောင် ၄၀ လျှင် ဆိတ်သိုးတစ်ကောင် ထားပေးရန်လိုအပ်သည်။ ဆိတ်မသည် တစ်နှစ်လျှင် နှစ်သားကျနိုင်သည်။ ဆိတ်မကြီးသည် နှစ်သား၊ သုံးသားကျပြီးလျှင် အမွှာမွေးရန် ၅၀ ရာခိုင်နှုန်းရှိသည်။ ဆိတ်မကြီးတစ်ကောင်သည် အသက်ခြောက်နှစ်အတွင်းဆိတ် ၁၀ ကောင်မှ ၁၅ ကောင်မွေးနိုင်သည်။ ဆိတ်ငယ်လေးများကို အသက်သုံးလကျော်မှ စားကျက်သို့ လွှတ်ကျောင်းနိုင်သည်။

ဆိတ်မ၏ မြိုင်သံသရာကို လေ့လာကြည့်ပါက မြိုင်တစ်ခုနှင့် တစ်ခုကြားကာလ ၁၈ ရက်မှ ၂၁ ရက်ရှိသည်။ မြိုင်ကြာချိန်အနေဖြင့် ၂၄ နာရီမှ ၃၆ နာရီ၊ မျိုးဥလွတ်ချိန်မှာ ၂၁ နာရီမှ ၃၆ နာရီဖြစ်သည်။ မြိုင်လက္ခဏာများအဖြစ် တရစပ်အော်မြည်ခြင်း၊ အစာစားလိုစိတ်မရှိခြင်း၊ နို့ထွက်နည်းလာခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ မျိုးဆိတ်သိုးရွေးချယ်ရာတွင် ကိုယ်ခန္ဓာထွားကျိုင်းရန်လိုအပ်ခြင်း၊ ရင်ဘတ်ကျယ်၍ ဝမ်းဗိုက်ဖွံ့ဖြိုးရန်လိုအပ်ခြင်း၊ ကိုယ်ခန္ဓာဖြောင့်မတ်၍ ခြေချောင်းများ ခိုင်ခန့်သန်စွမ်းခြင်း၊ လည်ကုပ်မွေးများပြောင်လက်ထူထဲရန် လိုအပ်ခြင်း များရှိပေသည်။

မျိုးဆိတ်မရွေးချယ်ရာတွင် ကိုယ်ခန္ဓာထွားကျိုင်းပြီး အချိုးအစားကျရမည်။ အသားစားဆိတ်မျိုး ဖြစ်လျှင် ကိုယ်ခန္ဓာလေးထောင့်စပ်စပ်ကျပြီး ဆိတ်နို့ထုတ်သောမျိုးဖြစ်လျှင် သပ်ပုံသဏ္ဌာန် အရှေ့ပိုင်းရှူး၍ နောက်ပိုင်းကားရမည်။ နို့အုံဖွံ့ဖြိုး၍ နို့အုံမြေကြီးနှင့် တိုက်မနေရဘဲ ဆိတ်မသည် အပြုအမူယဉ်ပါးပြီး နို့ထွက်ကောင်းရမည်ဖြစ်သည်။ ဆိတ်မ၏ မြိုင်သံသရာကို လေ့လာကြည့်ပါက မြိုင်တစ်ခုနှင့် တစ်ခုကြားကာလ ၁၈ ရက်မှ ၂၁ ရက်ရှိသည်။ မြိုင်ကြာချိန်အနေဖြင့် ၂၄ နာရီမှ ၃၆ နာရီ၊ မျိုးဥလွတ်ချိန်မှာ ၂၁ နာရီမှ ၃၆ နာရီဖြစ်သည်။ မြိုင်လက္ခဏာများအဖြစ် တရစပ်အော်မြည်ခြင်း၊ အစာစားလိုစိတ်မရှိခြင်း၊ နို့ထွက်နည်းလာခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ မျိုးဆိတ်သိုးရွေးချယ်ရာတွင် ကိုယ်ခန္ဓာထွားကျိုင်းရန်လိုအပ်ခြင်း၊ ရင်ဘတ်ကျယ်၍ ဝမ်းဗိုက်ဖွံ့ဖြိုးရန်လိုအပ်ခြင်း၊ ကိုယ်ခန္ဓာဖြောင့်မတ်၍ ခြေချောင်းများ ခိုင်ခန့်သန်စွမ်းခြင်း၊ လည်ကုပ်မွေးများပြောင်လက်ထူထဲရန် လိုအပ်ခြင်း များရှိပေသည်။

မျိုးဆိတ်မရွေးချယ်ရာတွင် ကိုယ်ခန္ဓာထွားကျိုင်းပြီး အချိုးအစားကျရမည်။ အသားစားဆိတ်မျိုး ဖြစ်လျှင် ကိုယ်ခန္ဓာလေးထောင့်စပ်စပ်ကျပြီး ဆိတ်နို့ထုတ်သောမျိုးဖြစ်လျှင် သပ်ပုံသဏ္ဌာန် အရှေ့ပိုင်းရှူး၍ နောက်ပိုင်းကားရမည်။ နို့အုံဖွံ့ဖြိုး၍ နို့အုံမြေကြီးနှင့် တိုက်မနေရဘဲ ဆိတ်မသည် အပြုအမူယဉ်ပါးပြီး နို့ထွက်ကောင်းရမည်ဖြစ်သည်။ ဆိတ်မသားမွေးပြီးလျှင် ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပေး၍ နို့ထွက်နှုန်းလျော့ချိန်တွင် နောက်တစ်သားစပ်ခြင်းဖြင့် တစ်နှစ်အတွင်း နှစ်သားပေါက်နိုင်၍ ဆိတ်မွေးမြူရေးလုပ်ငန်းလည်း အောင်မြင်နိုင်မည်ဖြစ်သည်။ ဆိတ်သားငယ်လေးများအားပြုစုစောင့်ရှောက်မှုအနေဖြင့် မွေးစဆိတ်သားလေးကို နို့ဦးရည်ကို သုံးရက် အပြည့်အဝတိုက်ကျွေးရမည်ဖြစ်သည်။ အအေးမမိစေအောင် ပြုစုစောင့်ရှောက်ရမည်ဖြစ်ပြီး သန်ကောင်ရောဂါ၊ ဝမ်းလျှောရောဂါ စသည့်ရောဂါများမှလည်း ကာကွယ်ပေးရမည်ဖြစ်သည်။ အလားတူ ဆိတ်တွင် ဖြစ်တတ်သော ကူးစက်မြန်ရောဂါများဖြစ်သည့် လည်ချောင်းကွဲရောဂါ၊ ခွာနာလျှာနာရောဂါ၊ ဝဲရောဂါ၊ ဒေါင့်သန်းရောဂါများကိုလည်း ကြိုတင်ကာကွယ်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်သည် စားရေရိက္ခာဖူလုံးရေးအတွက် မွေးမြူရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဘက်ပေါင်းစုံမှ အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို မိရိုးဖလာမွေးမြူသည့်စနစ်မှ ခေတ်မီမွေးမြူရေးစနစ်များ ကူးပြောင်းနိုင်ရေးနှင့် စနစ်ကျသော မွေးမြူရေးခြံများတည်ဆောက်ခြင်း၊ အစာကျွေးမွေးခြင်းနှင့် ဇီဝလုံခြုံရေးဆိုင်ရာနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိသည်။

ဆိတ်မွေးမြူရေးကို အစာကုန်ကျစရိတ်အနည်းဆုံးနှင့် မွေးမြူနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု နည်းပါးစွာဖြင့် ပြုလုပ်နိုင်ပြီး အချိန်တိုအတွင်း အကောင်ရေတိုးပွားနိုင်သဖြင့် ဝင်ငွေရရှိမှုလျင်မြန်သည်။ ဆိတ်နို့သည် အဆီနည်းပြီး ကလေးငယ်များ သက်ကြီးရွယ်အိုများအတွက် အစာကြေလွယ်၍ အာဟာရဖြစ်စေသည်။ အချုပ်အားဖြင့် နိုင်ငံ၏အသားကဏ္ဍ ဖူလုံရေး ဆိတ်မွေးမြူရေးဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆိတ်မွေးမြူရေးလုပ်ကိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ ဆိတ်မွေးမြူရေးသည် ပူပြင်းခြောက်သွေ့သော ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ ဆိတ်မွေးမြူရာတွင် ကုန်းမြင့်သောနေရာတွင် ဆိတ်ခြံဆောက်လုပ်၍ စင်တင်မွေးရမည်။ ဆိတ်သည် ရေစိုခြင်းကို ကြောက်၍ ခြေအေးမခံနိုင်သော သတ္တဝါဖြစ်သောကြောင့် မိုးရွာလျှင် စားကျက်မှ ခြံသို့ ပြန်ပြေးကြလေ့ရှိသည်။ ဆိတ်များကို လွှတ်ကျောင်းမွေးမြူခြင်းသည် ဆီးပင်၊ ခံပင်၊ ဘောစကိုင်း၊ ပါရာမြက်၊ မြေစာမြက်များကိုစားနိုင်သဖြင့် ကိုယ်လက်လှုပ်ရှားသန်မာမှုကို ဖြစ်စေသည်။ အစာနု၊ ပဲဖတ်၊ ဝါစေ့ဖတ်၊ နှမ်းဖတ်၊ ဆန်ကွဲ၊ ဖွဲနုနှင့် ဖြည့်စွက်စာကျွေးပါက ပိုမိုဖြစ်ထွန်းနိုင်သည်။ ❖

ကိုးကား

- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထုတ် "ဆိတ်မွေးမြူရေး" စာစောင်

သုံးရေများခွေတာသုံးစွဲရေး ပြည်သူသို့ အသိပေးနှိုးဆော်ချက်

အိမ်တွင်းသုံးရေ ခွေတာရေး နည်းလမ်းကောင်းများ။



၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



၂။ ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန် ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း / နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။
(ဥပမာ – ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊
ဆန်ဆေးရေများကို အပင် ရေလောင်းရာတွင် ပြန်လည် အသုံးပြုပါ။)

၅။ ရေကို စနစ်တကျ အသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။
မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေခွေတာ သုံးစွဲခြင်း၏
အရေးပါပုံကို အသိပညာပေး မျှဝေခြင်းဖြင့် ပိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သို့ရေ ခွေတာသုံးစွဲရေးအိုင်ရာ နှိုးဆော်ချက်



၁။ အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပျံမှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန်
နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ
မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



၂။ မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့်
ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ်
အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။



၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏
ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်များကို
ရွေးချယ်စိုက်ပျိုးပါ။



၄။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း
ရေကိုစုဆောင်းသိုလှောင်ပြီး ခွေတာရာရောက်သည့်အတွက်
ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ
စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a 6-story building used for online gambling operations in Shwe Kokko Part-II.



Before demolition.







Demolition using heavy machinery.

Nay Pyi Taw November 1

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and systematically carried out the total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the dismantling of two 6-storey buildings under mechanical demolition, among illegal illegal ones used in online scams and gambling and remained to be knocked down in Shwe Kokko (Part-II), completed 60 percent and 30 percent respectively today.

Out of 63 buildings to be dismantled in Shwe Kokko (Part-II), demolition of four to be detonated and another four to be mechanically brought down have completed and plans are underway to systematically demolish the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility.

100

83 Thai nationals operating online fraud and gambling rings arrested along with equipment in Tachilek





Arrest of 83 Thai nationals (42 men and 41 women) involved in online fraud and gambling operations in Sansai (A) Ward, Tachilek, eastern Shan State.



The building and seized operational equipment where online fraud and gambling suspects were apprehended in Sansai (A) Ward, Tachilek, eastern Shan State.

Nay Pyi Taw November 1

The State Government regards the detection, prevention, and deterrence of online fraud and online gambling perpetrators—who pose a comprehensive threat severely impacting the socioeconomic lives of both local populations and people worldwide—as a national duty. Furthermore, it has been actively coordinating with the governments of neighboring countries to carry out effective investigations, arrests, and legal actions.

Acting on intelligence that online fraud and gambling operations were being conducted in Tachilek, eastern Shan State, a joint task force comprising security personnel conducted investigative searches within the township. Around 5:45 p.m. on October 31, authorities raided the Yu Warat Hotel in Sansai (A) Ward, Tachilek, and apprehended 83 Thai nationals (42 men and 41 women) engaged in online fraud and gambling activities. Along with the suspects, 40 various laptops and 75 mobile phones used in the commission of these online scams and gambling offenses were seized.

It is reported that the arrested individuals who engaged in these online scams and gambling activities will face strict and effective legal action in accordance with existing laws once necessary interrogations and procedures are completed. The seized operational equipment will also be handled in accordance with standard procedures.

100

Kyunhla Township completes cultivation of more than 3,000 acres of winter sesame

Kyunhla November 1

Local farmers have completed cultivation of more than 3,000 acres of sesame as cold season crops in Kyunhla Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop growing season, 13,230 acres of winter sesame are targeted for cultivation in Kyunhla Township. Planting commenced in October of this year, and as of today, 3,718 acres have already been completed.

"For this year's winter cropping season in Kyunhla Township, we have set a target to cultivate over 13,000 acres of winter sesame. To date, more than 3,000 acres have been planted. We are providing support to ensure the target acreage is met. Sesame cultivation has been growing year over year, with farmers mainly focusing on growing sesame in the winter rather than the monsoon season. As an oilseed crop, it has been performing very well," said Daw Myint Myint Yee, Head of the Kyunhla Township Department of Agriculture.

This year, the Township Department of Agriculture is providing local sesame farmers with knowledge and guidance on expanding cultivation acreage, proper agricultural practices, adopting Good Agricultural Practices (GAP), and utilizing high-quality, high-yielding pure seed varieties.

Crops produced under the GAP system offer superior quality and fetch better prices compared to those grown using conventional methods. Because these crops can be sold not only in the domestic market but also exported to foreign markets, farmers who adopt GAP stand to gain greater economic returns, thereby improving their overall socio-economic livelihoods.

206

More than 16,000 acres of groundnut planted in Kanbalu Township



This photo captures a long stretch of a groundnut plantation.

Kanbalu November 1

Agricultural data of Kanbalu Township Agriculture Department stated that local farmers have so far planted more than 16,000 acres of groundnut in Kanbalu Township of Sagaing Region.

A total of 94,925 acres of groundnuts are planned to be cultivated in Kanbalu Township during the 2026-2027 winter crop season. Planting began in October this year, and 16,926 acres have been planted to date, according to reports.

"We have planned to cultivate more than 94,000 acres of groundnuts in Kanbalu Township during this year's winter crop season. More than 16,000 acres have been planted so far. We are making efforts to ensure that the planned acreage is fully cultivated. Groundnut cultivation is progressing successfully, and oilseed crops are performing well. The acreage under groundnut cultivation has been increasing year by year," said U Myo Myint, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, farmers use one and a half baskets of groundnut seeds per acre. The cultivation cost exceeds K200,000 per acre, including expenses for seeds, labour, fertilizers and pesticides. The yield is reported to exceed 50 baskets per acre.

To ensure the successful growth of groundnut crops this year and prevent pest and disease outbreaks and weed infestation, staff from the Kanbalu Township Department of Agriculture are conducting field inspections and recording crop monitoring data in groundnut fields. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Sagaing Region adopts plans to grow more than 6,000 acres of potatoes

Monywa November 1

According to the regional Agriculture Department, more than 6,000 acres of croplands will be placed under potato plantations in Sagaing Region this year.

A total of 6,555 acres of potatoes are planned to be cultivated in Sagaing Region during the 2026-2027 winter crop season, with planting scheduled to begin in the fourth week of October this year and continue through December.

"We have planned to cultivate more than 6,000 acres of potatoes in Sagaing Region during this year's winter crop season. We will make efforts to ensure that the planned acreage is fully cultivated. Potato cultivation will continue as usual. We are also facilitating market linkages to help potato growers obtain good prices," said Daw San San Myint, Deputy Head of the Sagaing Region Department of Agriculture.

During the 2026-2027 winter crop season, the district-wise potato cultivation targets in Sagaing Region are 651 acres in Mawlaik District, 830 acres in Tamu District, 323 acres in Kalay District, 125 acres in Khamti District, 356 acres in Homalin District, 450 acres in the Naga Self-Administered Zone, 1,717 acres in Shwebo District, 300 acres in YeU District, 490 acres in Sagaing District, 1,035 acres in Katha District and 278 acres in Kawlin District, bringing the total to 6,555 acres.

The respective township departments of agriculture in Sagaing Region will facilitate market linkages to help potato growers obtain good prices, provide technical guidance on methods of preserving potatoes for longer periods, and promote cultivation in accordance with Good Agricultural Practices (GAP) to ensure the production of high-quality potatoes. 206

Wetlet Township plants more than 2,000 acres of sweet corns

Wetlet November 1

Local farmers have planted more than 2,000 acres of sweet corns as cold season crops in Wetlet Township of Sagaing Region this year, accoridng to the township Agriculture Department.

During the 2026-2027 winter crop growing season, a total of 21,451 acres of sweet corn are targeted for cultivation in Wetlet Township. Planting began in October of this year, and as of today, 2,936 acres have already been planted.

"For this year's winter crop season in Wetlet Township, we have targeted over 21,000 acres for sweet corn cultivation. To date, over 2,000 acres have been completed. We are providing support to ensure the target acreage is fully met. Regarding corn cultivation, we may currently be able to plant even more than the targeted acreage. To ensure these corn crops thrive successfully, we provide educational awareness campaigns and guidance on pest and disease prevention," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Township Department of Agriculture is providing local farmers cultivating grain corn and sweet corn with training sessions, field demonstrations, early prevention measures against fall armyworms, and agricultural knowledge dissemination on Integrated Pest Management (IPM) including the use of neem-based pesticides and natural remedies made from ginger and chili.

In Wetlet Township, cultivating grain corn yields over 50 baskets per acre with a production cost of around K500,000 per acre. Meanwhile, sweet corn yields approximately 15,000 ears per acre, with production costs exceeding K500,000 per acre. 206

Shwebo Township completes cultivation of 1,000 acres of vegetables

Shwebo November 1

Local farmers have planted more than 1,000 acres of vegetables as cold season crops in Shwebo Township of Sagaing Region this year, according to the township Agriculture Department.


A total of 4,586 acres of vegetables are planned to be cultivated in Shwebo Township during the 2026-2027 winter crop season. Planting began in October this year, and 1,000 acres have been planted to date, according to reports.

"We have planned to cultivate more than 4,000 acres of vegetables in Shwebo Township during this year's winter crop season. As of today, 1,000 acres have been planted. The crops include mustard, chilli, herbs and spices, potatoes, cabbage, eggplant and cauliflower. We are providing farmers with technical guidance to ensure that all vegetables are cultivated in accordance with Good Agricultural Practices (GAP). We are also providing guidance on growing vegetables that are safe for consumption and contain minimal chemical residues," said U Hsan Oo, Head of the Shwebo Township Department of Agriculture.

This year, the Shwebo Township Department of Agriculture is providing vegetable growers with technical training on GAP-based cultivation, as well as guidance on producing safe and healthy vegetables. It is also encouraging farmers to expand their vegetable cultivation.

A variety of seasonal vegetables are cultivated annually in Shwebo Township. These crops grow successfully and provide income for farming households. The Township Department of Agriculture is also raising awareness among prospective vegetable growers about proper cultivation methods, preventing pest and disease infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents. 206

ဗြိတိန်နိုင်ငံက ရေအောက်မောင်းသူမဲ့ယာဉ်သုံး ဝန်တင်စနစ်သုံးမျိုး တီထွင်ထုတ်လုပ်မည်



ဗြိတိန်နိုင်ငံသည် မောင်းသူမဲ့ရေအောက်ယာဉ်များ(UUVs)တွင် တပ်ဆင်အသုံးပြုမည့် ဝန်တင်စနစ် (Payloads)သုံးမျိုး တီထွင်ထုတ်လုပ်မည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သုံးမျိုးသည် ပင်လယ်ကြမ်းပြင်မြေပုံရေးဆွဲခြင်း၊ ရေငုပ်သင်္ဘောခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ပေါက်ကွဲဖျက်ဆီးမှုမပါဝင်သည့် ရေအောက် တုံ့ပြန်သက်ရောက်မှုများ ဖန်တီးခြင်းတို့အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၂၇ ခုနှစ်မှစတင်၍ ရေအောက်မောင်းသူမဲ့ယာဉ်တပ်ဖွဲ့များအသုံးပြုနိုင်ရန် စီစဉ်ထားပြီး ရေအောက်စောင့်ကြည့် ထောက်လှမ်းရေးစွမ်းရည်ကို တိုးမြှင့်ပေးကာ ပင်လယ်ရေအောက် အရေးပါသော အခြေခံအဆောက်အအုံများကို ကာကွယ်ရေးအတွက် စီစဉ်ခြင်းဖြစ်သည်။

အဆိုပါ စနစ်သုံးမျိုးအနက် ပထမတစ်မျိုးမှာ ရေအောက်ပတ်ဝန်းကျင်ကို ရောက်မှုဖြစ်ပေါ်စေနိုင်သည့် စနစ်ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေး(ASW) အတွက် အသုံးပြုမည့်နေရာချထားနိုင်သောအာရုံခံစနစ်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် အမျိုးအစားခွဲခြားသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

တတိယစနစ်မှာ နေရာချထားအသုံးပြုနိုင်သည့် ပေါက်ကွဲဖျက်ဆီးမှုမပြုဘဲ ရေအောက်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည့် စနစ်ဖြစ်သည်။ ၎င်းစနစ်သည် သမားရိုးကျဖျက်ဆီးရေးတိုက်ခိုက်မှုများကဲ့သို့ ပစ်ခတ်ပေါက်ကွဲဖျက်ဆီးခြင်း မပြုဘဲ ရေအောက်တွင် လိုအပ်သည့်သက်ရောက်မှုများ ဖန်တီးနိုင်ရန်ဖြစ်သည်။

အဆိုပါ စနစ်များတည်ဆောက်ရေးလုပ်ငန်းသည် AUKUS Pillar II အောက်တွင် ယခုနှစ် မေလက ကြေညာခဲ့သည့် ပထမဆုံးသော အဓိကစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ AUKUS Pillar II သည် ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ကြား အဆင့်မြင့်စစ်ဘက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထားသည့် မဏ္ဍိုင်ဖြစ်သည်။

ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့သည် လူလိုက်ပါရေယာဉ်များနှင့် ကိုယ်ပိုင်အုပ်ချုပ် မောင်းနှင်နိုင်သည့် မောင်းသူမဲ့စနစ်များကြား ပူးတွဲလုပ်ဆောင်နိုင်မှုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂို မြို့တွင် အဆိုပါစနစ်များကို စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်လေ့ကျင့်မှုများတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ စစ်ဆင်ရေး၊ လက်နက်စွမ်းရည်များ၊ ခြိမ်းခြောက်မှုများရှိနေသည့် ပတ်ဝန်းကျင်အတွင်း ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြည့်တင်းရေအောက် အခြေခံအဆောက်အအုံများဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းများ ပါဝင်ခဲ့သည်။

၎င်းစနစ်များသည် မောင်းသူမဲ့ယာဉ်အမျိုးအစားအမျိုးမျိုးကို တစ်ပြိုင်နက်တည်း ညှိနှိုင်းထိန်းချုပ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး လူလိုက်ပါရေယာဉ်များနှင့် မောင်းသူမဲ့စနစ်များ ပေါင်းစပ်ဖွဲ့စည်းထားသည့် ရေတပ်အင်အားစုတစ်ရပ်အဖြစ် ပြောင်းလဲတည်ဆောက်ထားသော ဗြိတိန်ရေတပ်၏ အနာဂတ်အစီအစဉ်ကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

ဗြိတိန်ကုမ္ပဏီများဖြစ်သည့် SEA နှင့် Decision Analysis Services တို့သည် စမ်းသပ်လေ့ကျင့်မှုများနှင့်အတူ AUKUS Maritime Innovation Challenge အစီအစဉ်မှတစ်ဆင့် တည်ဆောက်ထားသည့် နည်းပညာများကိုလည်း ပြသခဲ့သည်။

ထို့ပြင် ဗြိတိန်အခြေစိုက် A2i ကုမ္ပဏီနှင့် အမေရိကန် MSI Transducers ကုမ္ပဏီတို့သည် ရေအောက်ပလက်ဖောင်းများ၏ ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုစနစ်များ ဖွံ့ဖြိုးတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၄ သန်းခန့်ကို ခွဲဝေရရှိရန် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

UK to Develop Three Underwater Drone Payloads Under AUKUS ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်စစ်ဘက်က ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်ကို စမ်းသပ်ခဲ့

အမေရိကန်စစ်ဘက်သည် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ် (RD-SUADS)ကို စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက အောက်တိုဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် စစ်စခန်းများနှင့် ရှေ့တန်းတပ်ဖြန့်ချထားရာ နေရာများတွင် ဒရုန်းငယ်များကို ရှာဖွေခြင်း၊ ခြေရာခံခြင်း၊ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် တန်ပြန်ချေမှုန်းခြင်းတို့ဆောင်ရွက်နိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။

RD-SUADS ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်သည် Trust Automation ကုမ္ပဏီ၏ Small-Unmanned Air Defense System (SUADS) အုပ်စုဝင်များအနက် လေကြောင်းဖြင့် သယ်ယူပို့ဆောင်နိုင်ရန် အထူးပြုထုတ်လုပ်ထားသည့် စနစ်ဖြစ်သည်။ ၎င်း၏ အဓိကထူးခြားချက်မှာ စနစ်တစ်ခုလုံးကို စံသတ်မှတ်ထားသည့် 463L Military Cargo Pallet ပေါ်တွင် တပ်ဆင်သယ်ယူနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် C-130 Hercules နှင့် C-17 Globemaster III ကဲ့သို့သော စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် သယ်ယူပို့ဆောင်နိုင်ပြီး အထူးသယ်ယူပို့ဆောင်ရေး အစီအစဉ်များမလိုအပ်ဘဲ စစ်ဆင်ရေးနေရာများသို့ လျင်မြန်စွာရွှေ့ပြောင်းတပ်ဆင်နိုင်မည်ဖြစ်သည်။

အဆိုပါစနစ်တွင် ပေါင်းစပ်တပ်ဆင်ထားသည့် ဒီဇယ်လျှပ်စစ်မီးစက် (Diesel Generator) ပါဝင်ပြီး ဆီပြန်လည်ဖြည့်တင်းရန်မလိုအပ်ဘဲ လေးရက်ခန့်ထိလည်ပတ်အသုံးပြုနိုင်သည်။ Disel Genedter ကြောင့် ပုံမှန်လျှပ်စစ်ဓာတ်အားမရှိသည့်နေရာများတွင် စနစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

Trust Automation ကုမ္ပဏီ၏ SUADS စနစ်တွင် အမြဲတမ်းတပ်ဆင်အသုံးပြုနိုင်သည့် ပုံသေအခြေစိုက် C-UAS မျှော်စင်များလည်း ပါဝင်သည်။ ၎င်းမျှော်စင်များကို အုပ်စုလိုက် ပေါင်းစပ်တပ်ဆင်နိုင်သကဲ့သို့ အရွယ်အစားသေးငယ်သည့် စစ်စခန်းများတွင်လည်း သီးခြားတပ်ဆင်အသုံးပြုနိုင်ပြီး စခန်းပတ်ဝန်းကျင်တစ်ဝိုက်ကို ၃၆၀ ဒီဂရီလုံခြုံရေး စောင့်ကြည့်ကာကွယ်နိုင်ကြောင်း သိရသည်။

အခြေစိုက်စခန်း၏ ကွပ်ကဲမှုနေရာတွင် တည်ရှိသည့် SUADS Server သည် စခန်းအတွင်းရှိ C – UAS အာရုံခံကိရိယာများမှ ရရှိလာသည့်အချက်အလက်များကို စုစည်းပေါင်းစပ်ကာ Common Operating Picture (COP) အဖြစ် ဖော်ပြပေးနိုင်သည်။ ထို့ပြင် ဒရုန်းခြိမ်းခြောက်မှုများကို





တန်ပြန်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်သည့်အတွက် စစ်စခန်းကာကွယ်ရေးအတွက် အလွှာလိုက်တုံ့ပြန်ဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဒရုန်းများကို တန်ပြန်ချေမှုန်းနိုင်မှု ထိရောက်နှုန်းမှာ ၇၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင် နှုန်းခန့်ရှိသည်။ စနစ်ကို အသုံးပြုခဲ့သည့် အော်ပရေတာများ၏ လေ့လာတွေ့ရှိချက်များအရ ရန်သူ့ဒရုန်းများသည် ကင်းထောက်ခြင်း၊ ပစ်မှတ်ရှာဖွေသတ်မှတ်ခြင်းနှင့် တိုက်ခိုက်ခြင်း စသည့်တာဝန်များကို အောင်မြင်စွာ မဆောင်ရွက်နိုင်မီ တန်ပြန်တားဆီးနိုင်မှုတွင် ပိုမိုထိရောက်ခဲ့သည်။

အဆိုပါစနစ်သည် စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အလွယ်တကူရွှေ့ပြောင်းနိုင်ခြင်း၊ ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်းနှင့် စစ်စခန်းများရှိ လျှပ်စစ်ဓာတ်အားစနစ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ခြင်းတို့ကြောင့် အခြေစိုက်စခန်းနှင့် ရှေ့တန်းတပ်ဖြန့်ချထားရာ နေရာများအတွက် ဒရုန်းတန်ပြန်ကာကွယ်ရေးစွမ်းရည်ကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

US tests self-powered counter-drone system, can be set up quickly without relying on local powerကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဒီပဲယင်း နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲတီစိမ်း ၁၉၁၀၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၁၉၁၀၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့အတွက် အသိပညာပေးတာတွေရှိပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။ (၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံဓေတ်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ပေါက်ခေါင်းမြို့နယ် ဓမသော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ပေါက်ခေါင်း နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓမသော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရွာဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ ပါအကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဓမသော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉၇ ဦးကို ငွေကျပ် ၅၈ ဒသမ ၃၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၅ ဒသမ ၈၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၈၅ သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၉၆သန်း၊ စုစုပေါင်း အသင်းသား အသင်းသူ ၃၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၆ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်း ထံမှသိရသည်။

ကိုညီ

ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ရေကြည် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်၍ ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းမှာ ဒေသစွေးကွက်အပြင် ရန်ကုန်စွေးကွက်ကပါ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူများတော့ ပဲလွမ်းဖြူအသစ်တွေကို ဒေသစွေးကွက်အပြင် ရန်ကုန်စွေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသ မထွက်သေးပါဘူး။ အခုအရောင်း အဝယ်ဖြစ်နေတဲ့ ပဲလွမ်းတွေက လက်ကျန် အဟောင်းတွေပါ။ ပဲလွမ်းဖြူ အသစ်တွေကတော့ ဆောင်းသီးနှံ ရိတ် သိမ်းချိန် မှာ ထွက်မှာဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်း ဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။



ရေကြည်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်များကို ရန်ကုန်စွေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စလင်းမြို့နယ် မြောက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

စလင်း နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် အနောက်ကန်ဘောင်ကျေးရွာအုပ်စု မြောက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ မြောက်တောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မြောက်တောကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၂ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တို ဘာ ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး



အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့တွင်ကျင်းပသည့် နဝမအကြိမ် ကိုင်ရို ရေရက်သတ္တပတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပါဝင်တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ကိုင်ရိုမြို့တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်ထိကျင်းပခဲ့သည့် နဝမအကြိမ် ကိုင်ရို ရေရက်သတ္တပတ် အခမ်းအနား(9th Cairo Water Week, 2026) သို့ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်တင်ရှိန်နှင့်အတူ နဝမအကြိမ် ကိုင်ရို ရေရက်သတ္တပတ်အခမ်းအနား ၂၀၂၆ ဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတက ဗီဒီယိုမက်ဆေ့ဖြင့် အမှာစကား ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးအဆင့်ရှိသူများနှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရေအရင်းအမြစ်နှင့်ဆည်မြောင်းဝန်ကြီးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြကာ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဖွင့်ပွဲအမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သမ္မတနန်းတော်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ အဗ္ဒဒယ် ဖာတတ် အယ်လ်စီစီနှင့် ဝန်ကြီးအဆင့်ရှိ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ထို့အတူ အခမ်းအနားနှင့် ဆက်စပ် ဆွေးနွေးပွဲများကိုလည်းတက်ရောက်လေ့လာခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် မြေယာပြုပြင်ရေးဝန်ကြီး H.E. Alaa Farouk နှင့်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဝန်ကြီး Dr. Hani Sewilan နှင့်လည်းကောင်းတွေ့ဆုံပြီး နှစ်နိုင်ငံစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍနည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝါစိုက်ပျိုးရေးသုတေသနဌာနကို လည်းကောင်း၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကာကွယ်ဆေးများထုတ်လုပ်နေမှုနှင့် ဓာတ်ခွဲခန်းများကို လည်းကောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်းမြစ်ရေဖြင့် စိုက်ပျိုးရေးဝေနိုင်ရေး ဆောင်ရွက်မှုများနှင့် ရေသုတေသန ဆောင်ရွက်နေမှုများကို လည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။

ထို့ပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန General Authority investment and Free Zones (GAIF)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့၌ မွန်ပြည်နယ်လူငယ်စင်တာ ဖွင့်လှစ်

မော်လမြိုင် နိုဝင်ဘာ ၁

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မွန်ပြည်နယ်လူငယ်စင်တာ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

လူငယ်စင်တာကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က လူငယ်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများပေးအပ်ကာ လူငယ်စင်တာအတွင်းရှိ Gym & Fitness Center၊စာဖတ်ခန်း၊ စာကြည့်တိုက်၊ သက်မွေးသင်တန်းခန်း၊ အနုပညာခန်း၊ ပန်းချီခန်း၊ Computer Room၊ ရုံးခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လူငယ်များသည် အားကိုးထိုက်သော အနာဂတ်၏မီးရှူးတန်ဆောင်ဖြစ်လာစေရန်၊ လူငယ်များ၏အရည်အသွေးစဉ်ဆက်မပြတ်မြင့်မားစေရန်၊ တက်ကြွပြီး စွမ်းရည်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားကစားထူးချွန်ဆုရရှိသော အားကစားသမားများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များ၏ အလှူငွေများ ပေးအပ်လှူဒါန်းမှုကိုလက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မွန်ပြည်နယ်လူငယ်စင်တာနှင့် ပြည်နယ်စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဝင်များ၊ အထောက်အကူပြု ကော်မတီဝင်များနှင့် လူငယ်ကဏ္ဍဆိုင်ရာ အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လူငယ်ကဏ္ဍဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အလားတူ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက လူငယ်ရေးရာကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

စည်သူ(ပြန်/ဆက်)



❖ ဆိုင်ကလုန်းမုန်တိုင်းမှ

အရှေ့-အရှေ့ တောင်ဘက်ရေမိုင် ၃၀၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“မူရားစု”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း“မူရားစု”၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

အလုပ်သမားဆေးရုံ(ထန်းတပင်)၌ နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့်ဝန်ဆောင်မှု စတင်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ပြင်ပလူနာကုသမှု၊ ဆေးရုံတက်လူနာကုသမှုများ၊ နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့်ဝန်ဆောင်မှု စတင်ဆောင်ရွက်နိုင်မှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများကို အလှူငွေများ ပေးအပ်သည်။



နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသောလူနာများ များပြားလာသည့်အတွက် လိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်၊ ထန်းတပင်မြို့နယ်တို့မှ ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ရန်မလိုအပ်ကြောင်း၊ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်ခြင်းဝန်ဆောင်မှုကို လွယ်ကူစွာရယူခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ပြီး အာမခံအလုပ်သမားများကို ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နေသည့် လူမှုဖူလုံရေး-စံရတနာဆေးရုံ၌ဆေးရုံ၏ ပြင်ပလူနာကုသမှုများ၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှု၊ မီးဖွားဝန်ဆောင်မှုများ၊ ဓာတ်ခွဲဓာတ်မှန်ဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခုကဲ့သို့ စာချုပ်ဆေးရုံဖွင့်လှစ်ပေးခြင်းဖြင့် အာမခံအလုပ်သမားများအတွက် တစ်နေရာတည်းတွင်ဝန်ဆောင်မှုများအားလုံးရရှိနိုင်ခြင်း၊ စိုက်ထုတ်ကုန်ကျရမှုမရှိဘဲ ဆေးရုံ၏ဝန်ဆောင်မှုများကို ရရှိသဖြင့် ကျန်းမာရေးကြောင့်ဖြစ်ပေါ်လာမည့် လူမှုဒုက္ခများကို လျော့ပါးသက်သာစေပြီး နိုင်ငံအတွက်လည်းများစွာအထောက်အကူပြုစေမည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၃၆ မြို့နယ်ရှိ အကျုံးဝင် အာမခံအလုပ်သမား ၁ ဒသမ ၃၇ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လက်ရှိအခြေအနေတွင် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ခန်း၊ ဌာနကြီးဆေးခန်း ၆၂ ခန်း၊ စာချုပ်ဆေးခန်း ၇၁ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှုဆောင်ရွက်နေသော ဆေးခန်း ၅၅ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့အပြင် ရွှေလျားဆေးကုသယာဉ် လေးစီးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အာမခံအလုပ်သမားများ၏ ရောဂါအခြေအနေအရ နိုင်ငံပိုင်ဆေးရုံကြီးများတွင်ပြသပြီး စိုက်ထုတ်ကုန်ကျခဲ့သော ဆေးဖိုးကုန်ကျစရိတ်များကိုစိစစ်၍ သတ်မှတ်ချက်များနှင့်အညီ ပေးအမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၀၂၉၃၃ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ(ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၂ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်း ငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ လူနာပြသသည့် အကြိမ် ၆၉၇၅၂ ကြိမ်အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ် ၂၂၁၉၆ ကြိမ်အတွက် ငွေကျပ်သန်း ၂၄၆၂ ဒသမ ၄၂၅ ပေးအမ်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး နိုဝင်ဘာ ၁

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေး လုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးကကြီးမှူး၍ ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ (MCC)တွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ Ms.Gao Ping၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့ရိုးရာ ကျောက်ဆည်ဆင်အကနှင့် တရုတ်ရိုးရာခြင်္သေ့အကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် Landmark ပြခန်းများကို ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဧရာဝတီ-ယန်ဇီရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား၊ကျောင်းသူများ၏ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေမှုများနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးအသင်း၏လှုပ်ရှားမှု Video clip တို့ကို ကြည့်ရှုအားပေးသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားများပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မြန်မာ-တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်တွင်ပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



အလားတူ မွန်းလွဲပိုင်းကလည်း ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများက အမျိုးသား Fitness Physique Open ပြိုင်ပွဲ၊ အမျိုးသား Sport Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Sport Physique Over 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Over 170 cm ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၅၅ ကီလိုတန်း၊ ကီလို ၆၀ တန်း၊ ၆၅ ကီလိုတန်း၊ကီလို ၇၀ တန်းနှင့် ၇၅ ကီလိုတန်းကာယ ဗလမောင်ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Up to 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Over 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique Open ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique Open ပြိုင်ပွဲ၊ ၇၅ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲတို့တွင် ဆုရှိသူများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

❑ အယ်လ်နီညိုဖြစ်စဉ်မှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်းအင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊အပူလှျပ်ခြင်း၊ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုလျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

လွိုင်ကော်မြို့၊ တောင်ကြီးမြို့၊ မိတ္ထီလာမြို့တို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁

ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(လွိုင်ကော်)တို့တွင် လာမည့်ပညာသင်နှစ် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ သင်ကြားသင်ယူမှုများ စနစ်တကျနှင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် ပင်မဆောင်အကြီးစားပြင်ဆင် ဆောင်ရွက်နေမှု၊ သင်ထောက်ကူပစ္စည်းများ၊ ကွန်ပျူတာခန်း၊ Lab ခန်းနှင့်အလုပ်ရုံတို့ကို ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ရှိ စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူအဆောင်များ ပြင်ဆင်ဖြည့်ဆည်းထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများက ကျောင်းဆိုင်ရာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)၌ ပင်မဆောင်အကြီးစား ပြင်ဆင်ဆောင်ရွက်နေမှု၊ စာသင်ခန်းများ၊ Standard Lab ခန်းများ ပြင်ဆင်နေရာချထားမှု၊ တည်ဆောက်ရေးလုပ်ငန်းခွင်များ၏ အဆောက်အအုံများ သတ်မှတ်ဇုန်အလိုက် အဆောက်အအုံ တည်ဆောက်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူအဆောင်၊ ဘောလုံးကွင်း ပြေးလမ်းနှင့်ပွဲကြည့်စင်၊ Recreation Centre တည်ဆောက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးလုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားပြတိုက်(ရန်ကုန်)ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)ရှိ အမျိုးသားပြတိုက်(ရန်ကုန်)မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်း၊ သမ္မတအိမ်တော်ပုံစံငယ်ပြကွက်၊ မြန်မာ့အကျင့်ရာနှင့်လက်ရေးမူပြခန်းနှင့် စတုတ္ထထပ်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြခန်းတို့ကို ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြခန်းခင်းကျင်းမှုများသည် နှစ် ၂၀ ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်စနစ်နှင့်လျော်ညီသည့် မီး၊ အလင်းအမှောင်၊ ပြကွက်များ ပြင်ဆင်ပြသရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက် ကျောင်းသားလူငယ်များကို ဖိတ်ခေါ်၍ မိမိတို့၏အမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားထိန်းသိမ်းလိုစိတ်ဖြစ်အောင် ရှင်းလင်းပြသပေးရန် လိုအပ်ကြောင်း၊ ပြကွက်များအဆင့်မြှင့်တင်ရင်း ပြကွက်အသစ်များ၊ စုဆောင်းပစ္စည်းအသစ်များ လည်း တိုးချဲ့ခင်းကျင်းပြသရန် လိုအပ်ကြောင်း၊ ပြသမှုအလိုက် ရှင်းလင်းချက်အချက်အလက်များ ပြည့်ပြည့်စုံစုံရေးသားရန်လိုအပ်ကြောင်း၊ လုံခြုံရေးအတွက်ပါစီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ်ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များပြသထား

ရန်ကုန် နိုဝင်ဘာ ၁

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ပြကွက်များဖြင့် ပြသထားရှိရာ ရဟန်းရှင်လူ ပြည်သူများ၊ မျိုးဆက်သစ်လူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာဖူးမြော်ကြကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် သာသနာတော်ကို ကြည်ညိုလေးစားသည့် စိတ်ဓာတ်များ တိုးပွားလာစေရန် ရည်ရွယ်ပြသခြင်း ဖြစ်သည်။

မဟာပါသာဏလိုဏ်ဂူတော်၌ သိမ်တော်၏ သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များအဖြစ် ဘုရားလောင်း ပဋိသန္ဓေယူခန်း၊ ဘုရားလောင်းဖွားတော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ပဉ္စဝဂ္ဂိငါးဦးကို ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းပြကွက်၊ အိန္ဒိယနိုင်ငံတွင် နှုတ်တက်အာဂုံရွတ်ဆို၍ တင်တော်မူခဲ့ကြသည့် သင်္ဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဂါယနာတင် ပြကွက်၊ ဒုတိယသင်္ဂါယနာတင် ပြကွက်၊ တတိယသင်္ဂါယနာတင်ပြကွက်၊ သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာတင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီး လက်ထက် ကျောက်ထက်အက္ခရာ



တင်ခဲ့သည့် ပဉ္စမသင်္ဂါယနာတင်ပြကွက်၊ ကုသိုလ်တော်ဓမ္မစေတီများကို ပြသထားရှိသည်။

ထိုသို့ ပြသထားရှိမှုကို ယနေ့ နံနက် ပိုင်းတွင် မရန်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ နှင့် ရဟန်းရှင်လူ မိဘပြည်သူ ဦးရေ ၇၀၀ ကျော် စုစုပေါင်း ဦးရေ ၁၀၀၀ ကျော် လာရောက်လေ့လာ ဖူးမြော်ကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



❋ လူသားချင်းစာနာမှုမှ

ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားရန် အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်ရှိသည့်အချက်နှစ်ချက်ကို ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့်အွန်လိုင်းလိမ်လည်မှုနှင့်တရားမဝင်ငွေကြေးစီးဆင်းမှုများကို ထိထိရောက်ရောက်တားဆီးရေး တိုက်တွန်းထားသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ FATF အဖွဲ့ဝင် နိုင်ငံကြီးများက ထောက်ခံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ယမန်နှစ်က ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲတွင် နေ့လွှတ်အရုပ်မီးပုံးပျံယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့နယ် နာတိုက်-မကန်နောင်ကျေးရွာချင်းဆက် အမာခံလမ်းလေးမိုင်အနက် ၁ မိုင် ၂ ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ခန္ဓီးမြို့နယ် ချင်းတွင်းမြစ်



အနောက်ဘက်ကမ်းရှိ ကျေးရွာ ငါးရွာမှ အိမ်ခြေ ၈၇၈ အိမ်၊ လူဦးရေ ၄၆၆၇ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

ပွဲတော်ရက်များတွင် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ပွဲတော်သို့ လာရောက် လည်ပတ်ကြမည်ဖြစ်၍ လုံခြုံရေးကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးရန်၊ မီးပုံးပျံများတွင် အသုံးပြုသည့်ယမ်းများ အန္တရာယ်မဖြစ်ပေါ်စေရေး ဂရုတစိုက်အလေးထား ဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် မီးပုံးပျံပြိုင်ပွဲများတွင် အကဲဖြတ်အမှတ်ပေးရာတွင် အဂတိကင်းစွာဆုံးဖြတ်အမှတ်ပေးရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် မီးပုံးပျံပညာရှင်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

☆ ကျောဖုံးမှအဆက်

အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဗျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ထူးခြားသည့် နေ့အပူချိန်များ
(၁ - ၁၁ - ၂၀၂၆)

ချောက်	၃၈	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	မုံရွာ	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	မြင်းမူ	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ထားဝယ်	၃၇	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ကျောက်ဆည်	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ခရမ်း	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မန္တလေး	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	မကွေး	၃၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ညောင်ဦး	၃၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး လေးမိနစ်စာ Animation Video ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများအပေါ် လှောင်ပြောင်သရော်မှုပပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပျံနှံ့စေရေး အသိပညာပေး Animation Video ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) လေးမိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိအသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကိုပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email သို့မဟုတ် DVD သို့မဟုတ် VCDဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ပြန်လည်ထူထောင်ရေးဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်လိပ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

၂၀၂၆ ခုနှစ် နိုဝင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် နိုဝင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ထပ်မံဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဂျ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂၃ မိလီမီတာမှ ၃၄ မိလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၃၅ မိလီမီတာမှ ၄၆ မိလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် (ခြောက်သွေ့)အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/၈လ)

ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ရုံးချုပ်(နေပြည်တော်)	-	၀၆၇-၃၄၀၅၀၉၉
နေပြည်တော်ရုံး	-	၀၆၇-၄၅၁၁၀၀၆၂၊ ၀၆၇-၄၅၁၁၀၀၆၄
တိုင်းဒေသကြီးရုံး(ရန်ကုန်)	-	၀၉-၉၅၄၉၂၁၀၀၀
တိုင်းဒေသကြီးရုံး(မန္တလေး)	-	၀၉-၄၃၀၉၆၉၈၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည် ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၈၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၂၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချို့နွဲ့နယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(၅၀၁)



၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂ ရက်(ယနေ့) နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီး အသီးသီးမှ ကိုယ်ခန္ဓာ ကြံ့ခိုရေးအဖွဲ့ဝင်များ ပါဝင်သော အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

❍ အလေးမပြိုင်ပွဲမှ

နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဗေရယ်ထွန်းက အမြန်မစံချိန် ကီလို ၈၀၊ နှစ်ဆင့်မစံချိန် ၉၉ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၇၉ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယွန်းပပသွယ်က အမြန်မစံချိန် ၆၃ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၈၀ နှင့် စုစုပေါင်းစံချိန် ၁၄၃ ကီလိုဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ယွန်းယွန်းက အမြန်မစံချိန် ၅၃ ကီလို၊ နှစ်ဆင့်မစံချိန် ၆၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၁၈ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ထို့အတူ အမျိုးသား ကီလို ၇၀ တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက အမြန်မစံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခွန်ခမ်းနောင်က အမြန်မစံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၈၉ ကီလိုဖြင့် ဒုတိယ၊ ကရင်ပြည်နယ်အသင်းမှ သင့်မြတ်ဝိရုဝင်းက အမြန်မစံချိန် ၇၅ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၁၁၀ နှင့် စုစုပေါင်းစံချိန် ၁၈၅ ကီလိုဖြင့်တတိယ ရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသမီး ၆၁ ကီလို တန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဗေရယ်ထွန်းသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ကသတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မစံချိန် ၈၆ ကီလို ဖြင့် လည်းကောင်း၊ နှစ်ဆင့်မစံချိန် ၉၈ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၈၄ ကီလိုထက်ကျော်လွန်၍ ၁၈၉ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၇၂ ကီလိုထက်ကျော်လွန်၍ ၁၇၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး၏ စံချိန်သစ်များတင်နိုင်ခဲ့သည်။

အလားတူ အမျိုးသား ကီလို ၇၀ တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ကသတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မစံချိန် ၁၀၆ ကီလိုထက်ကျော်လွန်၍ ၁၁၃ ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၃၂ ကီလိုထက်ကျော်လွန်၍ ၁၃၆ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၃၆ ကီလိုထက်ကျော်လွန်၍ ၂၄၉ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ဘိလိယက်နှင့်စနူကာပြိုင်ပွဲမှ

ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red, 9 Ball Pool နှင့် ဘိလိယက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ မြသက်မှူးက ကချင်ပြည်နယ်အသင်းမှ နှင်းပြည့်ပြည့်ကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သက်နှင်းဝေကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က မန္တလေးတိုင်းဒေသကြီး အသင်းမှ မျိုးမြတ်သူကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က မွန်ပြည်နယ်အသင်းမှ ဝေဇင်လှိုင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်က မွန်ပြည်နယ်အသင်းမှ နှင်းအိအိရွှေကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဆုပြည့်စုံက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ရွှေရည်ဦးကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ အောင်မြင့်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဇင်သန့်ကို ခုနစ်ပွဲ လေးပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ လွင်မိုးဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကောင်းပြည့်ကြွယ်ကို ခုနစ်ပွဲ သုံးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေမင်းထွန်းက မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝေယံစိုးကို ခုနစ်ပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မျိုးသူရအောင်ကို ခုနစ်ပွဲ လေးပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းစုံစိုင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရာဇာဟန်ကို ခုနစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက မန္တလေးတိုင်းဒေသကြီး အသင်းမှ သက်ဦးကို ခုနစ်ပွဲ ငါးပွဲဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ခန့်မင်းထွန်းက ကရင်ပြည်နယ် အသင်းမှ ခွန်ရဝေထွဋ်ကို ခုနစ်ပွဲ ခြောက်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးအသင်းမှ သန်းထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ မိုးဝင်းကို ခုနစ်ပွဲ သုံးပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဇော်လင်းနုက မကွေးတိုင်းဒေသကြီး အသင်းမှ လင်းအောင်ကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇင်မင်းက မန္တလေးတိုင်းဒေသကြီး အသင်းမှ အေးမင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တေဇာအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်ဦးကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကျော်ဝေထိုက်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်က ရှမ်းပြည်နယ်အသင်းမှ ရဲလင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဌေးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဇော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယနေ့ထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးထားမှုကိုတွေ့ရစဉ်။





ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခဲ့သူ ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦးတို့ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

■ တာချီလိတ်မြို့မှ

ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါ မြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ယုဝရတ်ဟိုတယ်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၃ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ အလုံး ၄၀၊ ဖုန်းမျိုးစုံ ၇၅ လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၅၀၁)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံး ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



◆ Drone များဖြင့်တိုက်ခိုက်မှ

လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီ ၅၈ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက အဆိုပါလုပ်ငန်းခွင်အတွင်းသို့ FPV Drone များဖြင့် တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်းခတ်အားလိုင်းသည် မြန်မာနိုင်ငံအထက်ပိုင်းရှိ ရေအားလျှပ်စစ်စက်ရုံများမှ ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၂၇ ရက်၊ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၀၂၄ ခုနှစ် ဧနဝါရီ ၃ ရက်နှင့် ဧနဝါရီ ၂၃ ရက်တို့တွင် အကြမ်းဖက်သမားများ၏ အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် နေရာများစွာတွင် ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆိုပါပျက်စီးနေသည့် တာဝါတိုင်များကို ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများက ယခုကဲ့သို့ FPV Drone များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုကြောင့် စက်ကိရိယာ၊ ယန္တရားများပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါခေတ်အားလိုင်းကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားပြုပြင်သွားမည် ဖြစ်ကြောင်းနှင့် ခေတ်အားလိုင်းပြုပြင်ပြီးစီးပါက မဂ္ဂါဝပ် ၂၀၀ ခန့် ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်း ခေတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများ၏ FPV Drone ဖြင့် တိုက်ခိုက်မှုကြောင့် Wheel Loader ပျက်စီးခဲ့မှု မှတ်တမ်းခေတ်ပုံ။





အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ကေဗွီ ၂၃၀တောင်ငူ-သာယာကုန်း ခေတ်အားလိုင်း ပျက်စီးခဲ့မှုမှတ်တမ်းခေတ်ပုံ။

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းရှိ ခေတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ခေတ်အားပို့လွှတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါခေတ်အားလိုင်းရှိ တာဝါတိုင်များ

ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်း ခေတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းခေတ်ပုံ။





ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ပုပတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ပုပတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန် ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရုန်းရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

သောင်ယံကမ်းက ဆန်းတော့သည်

မောင်ခြိမ့်



ယမန်နေ့မှအဆက်

ဒါပေမဲ့ သူထင်သလိုမဟုတ်ဘူး။ ရေအောက်ကနေ လှေဝမ်းကို ဝင်ဝင်ပြီး ဆောင့်နေတာတဲ့၊ တဒုန်းဒုန်းနဲ့တဲ့အဲဒါ ဘာမှန်းမသိလို့ နှိုးတာတဲ့။ ကိုတောင် သေသေချာချာစောင့်ကြည့်တော့ ဟုတ်တယ်၊ ကိုတောင်လဲကြားရတယ်၊ တဒုန်းဒုန်းနဲ့ကိုး။

လှေဝမ်းကို ဝင်ဝင်ဆောင့်နေတာ။ ဝင်ဝင်တိုးနေတာ။ ဘာလဲဆိုတော့ ကိုတောင်လဲမသိဘူး။ ဝင်ဝင်တိုးလို့ တဒုန်းဒုန်းနဲ့ထွက်နေတဲ့ အသံက လှေရဲ့ငါးပိုင်းလို့ခေါ်တဲ့ ရေပက်ကန့်နေရာက ထွက်ထွက်လာနေတာ။

တစ်စုံတစ်ခုနဲ့ ထုနေရိုက်နေသလိုပဲ ပြင်းပြင်းထန်ထန် အဆက်မပြတ်တော့လဲမဟုတ်ဘူး။ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ တိုးသွားလိုက်၊ ကျယ်လာလိုက်နဲ့ တော်တော်တော့ ထူးဆန်းတယ်။ မနက်အရာဏ်တက်ခါနီးမှ ပျောက်သွားသတဲ့။

မနက်စောစော လှေကြိုးတွေဖြုတ်၊ ကျောက်ပစ်ထားတာနုတ်ပြီး လှေထွက်လာတော့ ကိုတောင်က တက်မကိုင်ကို ပြောပြတယ်။ ညကအဖြစ်အပျက်တွေကို တက်မကိုင်က သေသေချာချာနားထောင်ပြီး ရေမြုပ်သစ်တွေ ရေအောက်မှာ မျောမျောလာပြီး လှေကိုဝင်ဝင်ဆောင့်တာနေမှာပါလို့မှတ်ချက်ချတယ်။

ဒါလဲဖြစ်နိုင်တယ်။ ဟိုးအထက် မြစ်ညာဘက်ကနေ ရေတိုက်စားလို့ပဲဖြစ်ဖြစ်၊ ကမ်းပါးပြိုလို့ပဲဖြစ်ဖြစ်အကြောင်းအမျိုးမျိုးနဲ့ သစ်ပင်ကြီးငယ်တွေဟာ မြစ်ကြောင်းအတိုင်း မျောပါလာတတ်ကြတယ်။ တချို့ကတော့ ရေအောက်ကို စုံးစုံးမြုပ်ပြီး မြစ်ကြမ်းပြင်မှာတွယ်တဲ့ အပိုင်းကတွယ်၊ တချို့ကတော့ ရေပေါ်ပေါ်ပြီး မျောတာပဲ။ အဲ... တချို့သစ်တွေကတော့ ရေအောက်ကိုမြုပ်မသွားဘူး။ ရေပေါ်မှာ ပေါ်နေသလားဆိုတော့လဲမဟုတ်ဘူး။ ရေမျက်နှာပြင်အောက် တစ်တောင်နှစ်တောင် လောက်မှာနစ်ပြီး မျောပါလာတတ်ကြတယ်။

အဲဒီရေမြုပ်သစ်တွေက လှေဝမ်းကို ဝင်ဝင်ပြီး တိုးသွား၊ တိုက်သွား၊ ဆောင့်သွားတာလဲဖြစ်နိုင်တာပေါ့။ တက်မကိုင်ဆိုတာ လှေတစ်စင်းမှာ အတွေ့အကြုံအရှိဆုံး သမ္မာအရင့်ဆုံးလူကိုး။ သူပြောတာ ဖြစ်နိုင်တာပေါ့။

ကိုတောင်လဲ ခေါင်ဝါးတောင်ဖြစ်နေမှပဲ နားလည်သင့်သလောက်နားလည်တာပေါ့။ ဒါပေမဲ့ ညကဖြစ်တဲ့အဖြစ်တာ ရေမြုပ်သစ်တွေကြောင့် မဟုတ်ဘူးလို့ သူယူဆတယ်။ တခြားအကြောင်းတစ်ခုခုရှိရမယ်လို့ သူတွေးတယ်။ ဘာအကြောင်းလဲဆိုတာကိုတော့ သူမပြောနိုင်သေးဘူး။ တိတိကျကျသိရအောင် သူလေ့လာရအုံးမယ်၊ အချိန်ယူရအုံးမယ်လို့တွေးတယ်။

(၇)

နောက်နေ့... နောက်နေ့တွေဆက်ပြီး လှေကြိုးကတော့ စုန်ဆင်းနေဆဲပါပဲ။ ဟိုတစ်ညက ဖြစ်ခဲ့တဲ့ ဇာတ်လမ်းကလဲ ရပ်မသွားပါဘူး။ ညတိုင်းဆက်ပြီး ဖြစ်နေဆဲပါပဲတဲ့။ ညအိပ်ရပ်နားတဲ့အခါတိုင်း ဖြစ်နေတာပဲတဲ့။ အဲဒီလိုနဲ့ တစ်ညကနေနှစ်ည၊ သုံးည၊ လေးညဆိုသလို ဆက်တိုက်ဖြစ်လာတော့ ရေလှည့်စောင့်ရတဲ့ အောက်ဝါးတွေ၊ ဝါးလတ်တွေ ကြောက်လာကြတယ်။ ဒါဟာတစ္ဆေလား၊ ပုဏ္ဏကတိုက်တာလား စသဖြင့် တွေးချင်ရာတွေးကြတယ်။ လှေသူကြီးရဲ့ကိုယ်စားလိုက်လာတဲ့ ပေါင်းထိုင်ကလဲ ဒီလှေကြီးရဲ့အကြောင်း သိပ်မသိဘူး။ အညာဆန်လှေကြီးတွေဆိုတာ သစ်ကြီးဝါးကြီးတွေနဲ့ စပ်ရတာမဟုတ်လား။ လှေစပ်တဲ့အခါ သစ်ကြိတ်တို့၊ သစ်ဘီလူးတို့၊ သစ်ခြောက်တို့ပါလာရင် အခုလိုအနှောင့်အယှက်ပေးတတ်တယ်တဲ့။ ဒါမှမဟုတ် လှေသားတွေ လှေပေါ်မှာသေရင်လဲ မကျွတ်မလွတ်တဲ့အခါမျိုးမှာ ခြောက်တတ်လှန့်တတ်တာမျိုးလဲရှိတယ်တဲ့။

ပေါင်းထိုင်ကတော့ပြောတယ်။ သူလဲ ဒီလှေကြီးကို တစ်ခါမှမစီးဖူးသေးဘူးတဲ့။ လှေကအသစ်ကြီး၊ စပ်ထားတာ သိပ်မကြာသေးဘူး။ မသကာရှိလှမှ နှစ်နှစ်သားပဲတဲ့။ စွေးချောင်ချောင်နဲ့ ရလိုက်လို့ သူလှေသူကြီးက ဝယ်ထားလိုက်တာတဲ့။ အရင်ပိုင်ရှင်လက်ထက်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သူမသိဘူးတဲ့။ ပြီးတော့ပဲကိုင်ကအစ အောက်ဝါးအဆုံး အခုတစ်ခေါက်မှစပြီး တွဲဖူးကြတဲ့ လူသစ်တွေချည်းဖြစ်နေတော့တာကလား...။

ဒီတော့ ခုတစ်ခေါက်တော့ အစအဆုံးလိုက်ခဲ့ကြပါ။ နေရင်းရပ်ရွာကို ပြန်ရောက်တော့မှ ဆက်မလိုက်ချင်ရင်ဆင်းကြပါ။ သူ့ကိုလဲ ငဲ့ညှာကြပါအုံးလို့ တောင်းပန်ထားရတယ်။

ဒါနဲ့ပဲ ခေါင်ဝါးဖြစ်တဲ့ ကိုတောင်က ဘာမှစိုးရိမ်မနေကြပါနဲ့။ ညစဉ်ညစဉ် သူလဲကူပြီး ရေလှည့်စောင့်ပေးမယ်။ သရဲတစ္ဆေဆိုတာ သူမယုံပါဘူး။ ကြောက်လဲမကြောက်ပါဘူး။ ကိစ္စတစ်ခုခုရှိလာရင်လဲ လှေပေါ်မှာ ယောကျ်ားသားချည်း ရှစ်ယောက်တောင်ရှိတဲ့ဟာ ဘာပူစရာရှိလဲဆိုပြီး ဝင်ပြောတယ်။

ဟုတ်တော့လဲဟုတ်တယ်၊ အောက်ဝါးကလေးတွေဆိုတာက အသက်ကလဲငယ်၊ အတွေ့အကြုံကလဲနည်း၊ လှေတို့တတ်တို့နဲ့ မရင်းနှီးသေးတော့ ကြောက်တာပေါ့။ လှေထိုးခပိုက်ဆံမရရင်နေတော့။ ဒီကြောက်စရာလှေကြီးပေါ်က ဆင်းချင်နေတာကိုး။ ကိုတောင်ရဲ့ သတ္တိ၊ ဗျတ္တိကို ယုံတာကတစ်ကြောင်း၊ ပေါင်းထိုင်ကို အားနာတာကလဲ တစ်ပိုင်းဆိုတော့ ဆက်ပြီးလိုက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ညညများဆိုကျီးလန့်စာ စားဖြစ်နေကြတာပေါ့။ ညစဉ်ညတိုင်းလဲ လှေကြီးရဲ့အောက်ဘက်က တဒုန်းဒုန်းတဒိုင်းဒိုင်းအသံတွေကတော့ ထွက်နေတုန်းပဲ။ တချို့ညတွေမှာ နည်းနည်း၊ တချို့ညတွေ မှာ များများ၊ ဒါပဲကွာတယ်။ ကိုတောင်ကတော့ မျက်မှောင်ကြီးကုတ်ပြီး စဉ်စားခန်း ဝင်နေတုန်းပဲ။

ဒီလိုနဲ့ အောက်ဘက်ကိုရောက်လို့ ဟသ်တ၊ ညောင်တုန်း၊ ခနုဖြူ၊ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ ပန်းတနော်စတဲ့ မြို့တွေရွာတွေလျှောက်ပြီး အညာကပါလာတဲ့ ကုန်တွေလဲရောင်းပြီးပြီ။ အောက်ကုန်လို့ခေါ်တဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိကောင်၊ ဆားစတာတွေ အညာဘက်မှာ ပြန်ရောင်းဖို့တင်ပြီး အပြန်မှာ လွန်းတင်ကြတယ်ပေါ့။

(၈)

မြစ်ဝကျွန်းပေါ်ဒေသ အောက်ဘက်ရောင်နယ်ထိုးတဲ့ဒေသတွေကနေ အညာပြန်ဆန်တော့မယ်ဆိုရင် လွန်းတင်ကြတာ ထုံးစံပေါ့။ အဲဒီလိုမှမလုပ်ရင် အညာပြန်လမ်းတစ်လျှောက် လှေကြီးရဲ့ ဝမ်းဗိုက်ပိုင်းအောက်ဘက် ပျဉ်ချပ်တွေ၊ ဧရာတွေ၊ စပ်တွေ၊ တံကူတွေ ပျက်စီးကရော။

လွန်းတင်တာကလဲ အမျိုးမျိုးရှိတယ်။ ကုန်မပါဘဲ လှေအခွံကြီးလဲတင်တယ်။ ဒါမှမဟုတ် ကုန်အပြည့်နဲ့ ဝန်လေးတွေလဲ တင်လို့ရတာပါပဲ။ ခေတ်မီစက်ကိရိယာတွေ ဘာမှမပါဘဲနဲ့ကို မြန်မာ့နည်းမြန်မာ့ဟန်မြန်မာ့ပညာနဲ့ လွန်းဆရာကြီးတွေက ရအောင်လုပ်နိုင်ခဲ့ကြပါတယ်။

အဲဒီလိုနဲ့ အညာဆန်လှေကြီးလွန်းတင်မယ်ဆိုပြီး လွန်းသောင်မှာကပ်ထားတုန်း၊ ကိုငတင်ဟာ ကျုပ်သူငယ်ချင်းရဲ့အဖေ လွန်းထောင်ဆရာကြီးနဲ့ ရင်းနှီးအောင်ပေါင်းတယ်၊ ချစ်ခင်အောင်နေတယ်၊ တောက်တိုမည်ရအိမ်မှုကိစ္စတွေ ကူလုပ်ပေးပြီး၊ ခင်မင်လာတော့မှ လမ်းမှာသူတို့ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကို တီးတိုးပြောပြပြီး မေးတယ်။ ဒါဟာ ဘာဖြစ်နိုင်သလဲပေါ့။

သည်အခါလွန်းထောင်ဆရာကြီးက စဉ်းစားတယ်။ သူလည်းငယ်ငယ်ကတည်းက အညာလှေကြီးတွေ လွန်းတင်တဲ့လွန်းရုံမှာလုပ်လာတာ သူလွန်းတင်ပေးခဲ့တဲ့ လှေကြီးတွေ အစင်းပေါင်းမရေတွက်နိုင်တော့ဘူး။ အဲဒီတော့ လှေပေါင်းစုံ၊ လူပေါင်းစုံ၊ အဖြစ်အပျက်ပေါင်းစုံတို့ကို ကြုံဖူးတယ်၊ ကြားဖူးတယ်၊ မြင်ဖူးတယ်၊ တွေ့ဖူးတယ်။ အဲဒီတော့ သူ့အတွေ့အကြုံအရ ဒါဟာ အဓိပ္ပာယ်တစ်ခုခုတော့ ရှိရမယ်။ အတပ်တော့ မပြောနိုင်သေးဘူး။ လက်တွေ့မပြနိုင်သေးဘူး။ လှေကြီးလွန်းပေါ်ရောက်မှသိနိုင်မယ်။ လွန်းပေါ်ကို လှေကြီးရောက်ဖို့ကစောင့်ရပေလိမ့်အုံးမယ်။

အညာလှေကြီးတစ်စင်းကို ကုန်အပြည့်နဲ့ လွန်းတင်ဖို့ဆိုတာ ချက်ချင်းထလုပ်လို့ရတာမျိုးမဟုတ်ဘူး။ အလျားအတောင်သုံးဆယ်ကျော်လေးဆယ်၊ လှေဝမ်းဝက ဆယ်တောင်ရှိတယ်ဆိုတော့ တော်ရုံလူအင်အား တော်ရုံပညာလောက်နဲ့ မရနိုင်ဘူး။ နောက်ပြီးရေသေရက်၊ ရေထရက်တွက်ရချက်ရသေးတာကလား။

အဲဒီလို လွန်းတင်ဖို့ စောင့်နေဆဲရက်တွေမှာ၊ ပြင်ဆင်နေဆဲအချိန်တွေမှာ၊ လွန်းထောင်ဆရာကြီးဟာ ကျုပ်ဘကြီး ပန်းပဲဆရာနဲ့လဲ တီးတိုးတီးတိုးသဖန်းပိုး လုပ်နေကြသေးရဲ့။

လိုရင်းပြောရရင်တော့ ဆရာလေးရေ...ကိုငတင်တို့လှေကြီး လွန်းပေါ်ရောက်လို့ လှေအောက်ကိုလဲ ဝင်ကြည့်ရော လွန်းထောင်ဆရာကြီးက သူ့တွက်ကိန်းမှန်နေတော့ လက်ဖျောက်တီးတော့တာပဲ။ ကိုငတင်ကိုလဲ ဝမ်းသာအားရနဲ့ "မင်းကုသိုလ်ပဲ အညာသားရေ"လို့ ပြောလိုက်သေးတယ်။

အဲဒီလိုနဲ့ လှေကြီးကို ဒီပိုးသတ်၊ ကတ္တရာတွေ၊ ရေနံတွေသုတ်ပြီး လွန်းပေါ်ကချလို့ အညာဘက်ကို ပြန်ဆန်တော့မယ်လဲဆိုရော ကိုငတင်က "ကျုပ်ပြန်မလိုက်တော့ဘူး။ ကျုပ်အတွက်လှေထိုးခလေးမပေးနဲ့တော့၊ ခင်ဗျားတို့လှေ အညာကိုပြန်ပြီး အဆန်မှာ ဘာမှမဖြစ်စေရဘူး။ ကျုပ်တာဝန်ယူတယ်လို့ပြောပြီး နေရစ်ခဲ့တော့တာပဲ"

ဆက်လက်ဖော်ပြပါမည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၆၇၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



စစ်ကိုင်း နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၆၇၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၇၉၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၃၁၁၈ ဧက၊ မြင်းမူမြို့နယ်တွင် ၅၅၅ ဧက စုစုပေါင်း ၃၆၇၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နေကြာ ၁၃၇၉၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန် အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

နေကြာကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း နိုဝင်ဘာ ၁

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှစတင်၍ ယနေ့ထိ ကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိသာချိန် ၁၁၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ ကောက်ရိုးမှိုတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ တစ်ရက်ကို ပိသာချိန် လေ ကောင်းတာတွေ့ရပါတယ်။



၂၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေတာပါ။ အရောင်းအဝယ် ကောင်းနေတဲ့ကောက်ရိုးမှိုတွေက လတ်ဆတ်မှုရှိပြီး အရည်အသွေး ကောက်ရိုးမှိုတွေ အရောင်း အဝယ်ကောင်းနေတော့ စိုက်ပျိုးတဲ့သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ကောက်ရိုးမှိုတစ်ပိသာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်ထံမှ သိရသည်။

ကျော်ကျော်လင်း

တနိုင်းမြို့နယ် ဆွတ်ငိုင်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

တနိုင်း နိုဝင်ဘာ ၁

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာနက ဆွတ်ငိုင်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်တာဝန်ရှိသူများက စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အကျယ်လေးလက်မ၊ အနက် ပေ ၁၂၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဆိုလာ2200 W၊ 1.5 Submersible Pump တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းအသုံးပြုကာ စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးဖြစ်ပြီးဖြစ်ကြောင်း တနိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

အပူအန္တရာယ်သတိပြုဖွယ်

- အယ်လ်နီညို အန္တရာယ်ဘေး
ကာကွယ်ရေး ဆောင်ရွက်ပါ၊
ပြည်သူတွေ သတိထား
အသိပွားစရာ၊
နေပူသွားခြင်း ဆင်ခြင်ပါ
ကြိုတင်ကာ ပြင်ဆင်ထား၊
မိုးလေဝသ သတင်းများကို
နားထောင်ကြအများ။

- နေပူပြင်းချိန် ရောက်ကြပြီမို့
ကြောက်စရာ အပူအန္တရာယ်၊
နေပူမှာ အလုပ်များလုပ်တော့
ဖျားနာတတ်တယ်၊
အပူလျှပ်ခြင်း အန္တရာယ်
အမှန်တကယ် သတိထား၊
အင်္ကျီဗလာ ခေါင်းတုံးလုံးဖြင့်
(အပြင်ထွက်ခြင်း)
လုံးဝရှောင်ရှား။

- ထီဦးထုပ်ကို ကာကွယ်ထားလို့
သွားလာကြ ထာဝစဉ်၊
နေပူမှလာ ရေဆိုးခြင်းအား
အလျဉ်းဆင်ခြင်၊
နေအပူထဲ သွားလာလျှင်
အဖြူရောင်ဝတ်ဆင် ကာကွယ်ထား၊
သောက်ရေကို များများသောက်
အရိပ်အောက်မှာနား။

- သက်ကြီးရွယ်အို အဘိုးအဘွား
ပြုစုထား အေးသောနေရာ၊
ကလေးသူငယ်ကို ဂရုစိုက်
ရေများတိုက်ပါ၊
လေဝင်လေထွက် ကောင်းသောနေရာ
နားနေပါ လူအများ၊
အပူလျှပ်လျှင် အပြေးလှမ်းလို့
ဆေးခန်းသို့သွား။ ။

ရွှေတိုး(ထုံးဘို)

ကို၆စ်-၁၉ ရောဂါကူးစက်ပျံနှံ့မှုကို ထိန်းချုပ်နိုင်ရန်



နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။

စိမ်းလန်းသောဝန်းကျင် စိမ်းလန်းသောမြို့မှ စိမ်းလန်းသောနိုင်ငံဆီသို့

ဇော်လူလူ

မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် လူသားတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုဖြစ်သည်။ ကမ္ဘာ့ အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အဆမတန် များပြားလာခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုးရွားစွာ ကြုံတွေ့ရခြင်းတို့သည် သက်ရှိအားလုံး၏ ရေရှည်တည်တံ့ရှင်သန်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သော်လည်း ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားရသည့်နိုင်ငံများတွင်လည်း ပါဝင်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေရန် "စိမ်းလန်းသောဝန်းကျင် စိမ်းလန်းသောမြို့မှ စိမ်းလန်းသောနိုင်ငံဆီသို့" ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်သည်။ မိမိတို့၏ ပတ်ဝန်းကျင်မှ မြို့ပြ၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့်ထိ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရမည့် ဖြစ်ပေသည်။

စိမ်းလန်းသောပတ်ဝန်းကျင်စတင်ရာ

စိမ်းလန်းသောနိုင်ငံတော်ဆီသို့ လှမ်းတက်ရာတွင် အခြေခံအကျဆုံးလုပ်ငန်းစဉ်မှာ မိမိတို့ရှင်သန်နေထိုင်ရာပတ်ဝန်းကျင်ငယ်များကို စိမ်းလန်းစိုပြည်အောင် ဖန်တီးခြင်းဖြစ်သည်။ အိမ်ရာများ၊ စာသင်ကျောင်းများ၊ ရုံးဌာနများနှင့် စက်ရုံအလုပ်ရုံများတွင် သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းသည် ပထမဆုံးသောခြေလှမ်းဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ကာဗွန်ဓာတ်ငွေ့များကို စုတ်ယူပေးရုံသာမက လေထုကို သန့်စင်စေပြီး အေးမြသော အရိပ်အာဝါသကို ပေးစွမ်းနိုင်သည်။ လူတစ်ဦးချင်းစီ၊ အိမ်ထောင်စုတစ်စုချင်းစီက မိမိတို့ပတ်ဝန်းကျင်အတွင်း သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းအလေ့အထကို မွေးမြူခြင်းဖြင့် ပိုမိုသာယာလှပသော လူမှုပတ်ဝန်းကျင်များကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အမှိုက်စနစ်တကျစီမံခန့်ခွဲမှုနှင့် 3R စနစ်

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချရန်အတွက် စနစ်ကျသောစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသည်။ ပလတ်စတစ် အလွန်အကျွံသုံးစွဲမှုနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများသည် မြေဆီလွှာနှင့် ရေထုကို ဆိုးရွားစွာ ပျက်စီးစေသည်။ ထို့ကြောင့် 3R စနစ်ကို လက်တွေ့ကျင့်သုံးရမည်ဖြစ်သည်။

Reduce (လျှော့ချခြင်း)– တစ်ခါသုံး ပလတ်စတစ်များ၊ ကြွပ်ကြွပ်အိတ်များနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောပစ္စည်းများ သုံးစွဲမှုကို အတတ်နိုင်ဆုံး လျှော့ချခြင်း။

Reuse (ပြန်လည်အသုံးပြုခြင်း)– စွန့်ပစ်ပစ္စည်းများကို အမှိုက်အဖြစ် ချက်ချင်းမပစ်ဘဲ အခြားအသုံးဝင်သောနေရာများတွင် ထပ်မံအသုံးပြုခြင်း။

Recycle (တစ်ခါပြန်လည်ပြုပြင်ခြင်း)– စက္ကူ၊ ဖန်၊ သံနှင့် ပလတ်စတစ်အဟောင်းများကိုစက်ရုံများတွင် ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ကာ အသုံးချခြင်း။

စိမ်းလန်းသော မြို့ပြနှင့် မြို့ပြဂေဟစနစ်တည်ဆောက်ခြင်း

ယနေ့ခေတ်တွင် မြို့ပြများသို့ လူဦးရေရွှေ့ပြောင်းနေထိုင်မှုမြင့်တက်လာသည်နှင့်အမျှ မြို့ကြီးများတွင် ကွန်ကရစ်လမ်းများပေါများလာပြီး 'မြို့ပြအပူသက်ရောက်မှု'ကို ကြုံတွေ့နေရသည်။ ထို့ကြောင့် စိမ်းလန်းသောမြို့ပြစီမံကိန်းများကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

မြို့ပြဂေဟစနစ်ကောင်းမွန်စေရန် မြို့ပြအင်္ဂါရုပ်များဖြစ်သော လူထုအပန်းဖြေ ပန်းခြံများ၊ သစ်ပင်တန်းများ၊ ကစားကွင်းများနှင့် မြို့ပြစိမ်းလန်းစိုပြည်ရေးဇရိယာများကို စနစ်တကျကန့်သတ်ထားရှိရမည်ဖြစ်သည်။ ၎င်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် မြို့ပြနေပြည်သူများ စိတ်လက်အပန်းဖြေရာနေရာများရှိလာသည့်အပြင် မြို့ပြ၏ရာသီဥတုကိုလည်း မျှတအေးမြစေမည်ဖြစ်သည်။



အထပ်မြင့်အဆောက်အအုံများနှင့် အစိမ်းရောင်ဗိသုကာပညာ

မြေနေရာရှားပါးသောမြို့ကြီးများတွင် အဆောက်အအုံများ၏ အမိုးပေါ်၌ သစ်ပင်စိုက်ပျိုးခြင်းနှင့် အဆောက်အအုံနံရံများတွင် အပင်စိုက်ပျိုးခြင်း နည်းပညာများကိုအသုံးပြုနိုင်သည်။ ဤစနစ်သည် အစိမ်းရောင်ဗိသုကာပညာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ဤနည်းလမ်းသည် အဆောက်အအုံအတွင်းသို့ အပူရှိန်ဝင်ရောက်မှုကို လျော့ချပေးသဖြင့် အဲကွန်းအသုံးပြုမှုကို သက်သာစေကာ စွမ်းအင်ချွေတာရာရောက်သည်။ ထို့ပြင် မြို့ပြသယ်ယူပို့ဆောင်ရေးတွင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်သော လျှပ်စစ်မော်တော်ယာဉ်များ တိုးချဲ့အသုံးပြုခြင်း၊ စမတ်မြို့တော်စနစ်များ ကျင့်သုံးခြင်းဖြင့် စိမ်းလန်းခေတ်မီသောမြို့ပြများကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ရေအသုံးချမှုစီမံခန့်ခွဲခြင်း

စိမ်းလန်းစိုပြည်မှုအားလုံး၏ အသက်သွေးကြောမှာ 'ရေ' ဖြစ်သည်။ ရေကို စနစ်တကျသုံးစွဲစီမံခန့်ခွဲခြင်းမရှိပါက မည်သည့်စိမ်းလန်းသော ပတ်ဝန်းကျင်မျှ ရေရှည်တည်တံ့နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကဏ္ဍအလိုက်ရေအသုံးချမှုစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ ရေချွေတာခြင်း – မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်ရာ စိုက်ပျိုးရေးကို အလွန်အကျွံအသုံးပြုခြင်းထက် အပင်၏အမြစ်ဆီသို့ တိုက်ရိုက်စီးဆင်းစေသည့် အစက်ချရေပေးစနစ်နှင့် ဖျန်းရေစနစ်များကို ပြောင်းလဲသုံးစွဲခြင်းဖြင့် ရေလေလွင့်မှုကို လျော့ချနိုင်သည်။

စက်မှုကဏ္ဍနှင့် ရေဆိုးသန့်စင်စနစ် – စက်မှုဇုန်များနှင့် စက်ရုံအလုပ်ရုံများမှ ထွက်ရှိလာသော စက်ရုံသုံးရေဆိုးများကို ပတ်ဝန်းကျင်သို့ တိုက်ရိုက်မစွန့်ပစ်ဘဲ ရေဆိုးသန့်စင်စနစ်များထားရှိကာ သန့်စင်ပြီးသားရေကို ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်သို့မဟုတ် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းကိုစနစ်တကျကျင့်သုံးသင့်သည်။

လူနေအိမ်များနှင့်ရေချွေတာရေး – အိမ်ထောင်စုများတွင် မလိုအပ်ဘဲရေဖွင့်ထားခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေလေလွင့်မှုလျော့ချပေးနိုင်သော ရေထိန်းခေါင်းများနှင့် ဖိအားသုံး သန့်စင်ခန်းသုံးပစ္စည်းများကို ပြောင်းလဲတပ်ဆင်သုံးစွဲခြင်းဖြင့် နေ့စဉ်ရေအသုံးချမှုကို စနစ်တကျလျော့ချရမည်။

ရေအရင်းအမြစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် သန့်ရှင်းသော သောက်သုံးရေရှားပါးမှုပြဿနာကို နေရာအနှံ့ကြုံတွေ့နေရပြီဖြစ်သည်။ ရှိပြီးသား ရေအရင်းအမြစ်များဖြစ်သော မြစ်၊ ချောင်း၊ သဘာဝမိုးရေကန်များနှင့် မြေအောက်ရေများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်ရမည်။

မိုးရေစုဆောင်းသုံးစွဲခြင်းတွင် ကျေးလက်ဒေသများနှင့် မြို့ပြအဆောက်အအုံများတွင် မိုးရာသီ၌ ရွာသွန်းသောမိုးရေများကို စနစ်တကျကန့်များ၊ များဖြင့် သိုလှောင်ပြီး အိမ်သုံး၊ စိုက်ပျိုးရေးသုံးအဖြစ် ပြန်လည်အသုံးချခြင်းအားဖြင့် အဖိုးတန်သော မြေအောက်ရေထုတ်ယူသုံးစွဲမှုကို လျော့ချနိုင်မည်။

မြေအောက်ရေ ထိန်းသိမ်းခြင်းနှင့် ရေပြန်လည်ဖြည့်တင်းခြင်းတွင် အဝီစိတွင်းများ စည်းကမ်းမဲ့တူးဖော်ပြီး မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူခြင်းကြောင့် မြေနိမ့်ဆင်းခြင်းနှင့် ရေငန်ဝင်ရောက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် မြေအောက်ရေထုတ်ယူမှုကို ကန့်သတ်ခြင်းနှင့်အတူ သဘာဝအလျောက် မြေဆီလွှာအတွင်းသို့ ရေစိမ့်ဝင်နိုင်မည့် ရေဝေရေလဲဇုန်များတည်ဆောက်ခြင်း၊ ရေပြန်လည်ဖြည့်တင်းသည့် စနစ်များကို ဖော်ဆောင်ရမည်။

သစ်တောများထိန်းသိမ်းခြင်းတွင် မြစ်ဖျားခံရာဒေသများနှင့် သဘာဝရေကန်ကြီးများ ပတ်ဝန်းကျင်တွင် ရှိသောသစ်တောများကိုမခုတ်လှဲဘဲ ရေဝေရေလဲ သစ်တောများအဖြစ် အထူးထိန်းသိမ်းရမည်။ သစ်ပင်များ၏ အမြစ်စနစ်သည် မြေဆီလွှာကို တည်ငြိမ်စေပြီး ရေမြေတိုက်စားမှုကို ကာကွယ်ပေးကာ သဘာဝအတိုင်း သန့်စင်သောရေထွက်များ ထာဝစဉ် စီးဆင်းနေစေရန် ထိန်းညှိပေးသည်။

စိမ်းလန်းသော နိုင်ငံတော်ဆီသို့

မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် မြို့ပြများ စိမ်းလန်းလာပြီးနောက် နောက်ဆုံးပန်းတိုင်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိမ်းလန်းစိုပြည်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရန်ဖြစ်သည်။ ဤပန်းတိုင်သို့ ရောက်ရှိရန် အမျိုးသားအဆင့် သစ်တောမူဝါဒများ ချမှတ်ခြင်း၊ သစ်တောကြိုးဝိုင်းများ တိုးချဲ့ခြင်းနှင့် သစ်တောပြုန်းတီးမှုကို ထိရောက်စွာတားဆီးခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပေသည်။

ထို့ပြင် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော လောင်စာများနေရာတွင် ကာဗွန်ထုတ်လွှတ်မှုမရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်များ၊ လေစွမ်းအင်ထုတ်လုပ်မှုစနစ်များကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည်သာမက ရေရှည်တည်တံ့ပြီး စိမ်းလန်းသောစီးပွားရေးစနစ်ကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ အသိပညာဗဟုသုတနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

မည်မျှပင် ကောင်းမွန်သောမူဝါဒများနှင့် နည်းပညာများ ရှိစေကာမူ ပြည်သူလူထုတစ်ရပ်လုံး၏ အသိစိတ်ရှိရှိ ပူးပေါင်းပါဝင်မှုမရှိလျှင် စိမ်းလန်းသောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်ပေ။ ကျောင်းသင်ခန်းစာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဘာသာရပ်များကို ထည့်သွင်းသင်ကြားခြင်း၊ ရပ်ရွာအဆင့် အသိပညာပေးဟောပြောပွဲများနှင့် လှုပ်ရှားမှုများ အဆက်မပြတ် ဆောင်ရွက်ခြင်းတို့ဖြင့် လူထုအသိပညာကို မြှင့်တင်ရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာလုံးဆိုင်ရာရာသီဥတုဆိုင်ရာသဘောတူညီချက်များတွင် တက်ကြွစွာပါဝင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲကာ နည်းပညာနှင့် ရန်ပုံငွေအကူအညီများ ရယူဆောင်ရွက်ခြင်းသည်ပန်းတိုင်သို့ ပိုမိုမြန်ဆန်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

သဘာဝတရားသည် လူသားတို့ ဖန်တီးယူ၍မရသော၊ လူသားတို့ ရှင်သန်နိုင်ရေးအတွက် အဓိကမှီခိုအားထားနေရသည့် အဖိုးမဖြတ်နိုင်သောရတနာဖြစ်သည်။ လူတို့၏အတ္တကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခဲ့ရသည်များကို ယခုအချိန်တွင် ပြန်လည်ပြုပြင်ထိန်းသိမ်းရမည့်တာဝန်မှာ မျက်မှောက်ခေတ် လူသားအားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။

"စိမ်းလန်းသောဝန်းကျင် စိမ်းလန်းသောမြို့မှ စိမ်းလန်းသောနိုင်ငံဆီသို့ ဝိုင်းဝန်းဖော်ဆောင်မှုကို အောင်မြင်စွာဖော်ဆောင်ခြင်းဖြင့်သာ သန့်ရှင်းစိမ်းလန်း၊ မျှတအေးမြပြီး ဘေးအန္တရာယ်ကင်းစင်သော သဘာဝပတ်ဝန်းကျင်ကို နောင်လာမည့် သားစဉ်မြေးဆက် မျိုးဆက်သစ်များထံ အမွေအနှစ်အဖြစ် လက်ဆင့်ကမ်းပေးအပ်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကိုးကား

- **မြန်မာနိုင်ငံ အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒနှင့် မဟာဗျူဟာမြောက်စီမံကိန်း (၂၀၁၈ – ၂၀၃၀)။**
- **မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီရေအသုံးချမှု စီမံခန့်ခွဲခြင်းနှင့် အစက်ချရေပေးစနစ်လက်စွဲစာစောင်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၂၀၂၁)**
- **နေ့စဉ်ထုတ် သတင်းစာများ။**

အလုံမြို့နယ်ရှိ Zealax Hotel တွင် မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲ Media Press Show ပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၁

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲ Media Press Show ကို အောက်တိုဘာ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyward Art Team က ရေးသားထားပြီး ဒါရိုက်တာ ရဲနောင်က ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးမှာ ပုလဲက ကိုကျိုကြီးနဲ့ ရဲလွင်ဦးကလွဲရင် အခြားဘယ်သူနဲ့မှ မဆုံဖူးသေးပါဘူး။ ဒါလေးက လုံးဝ အမှတ်တရပါပဲနော်။ အဓိက ဒီဇာတ်လမ်းတွဲကို ဇာတ်ညွှန်းဖတ်တုန်းကတော့ ကိုယ့်ကာရိုက်တာ အနေနဲ့ အယ်လာဇာတ်ကောင် ကာရိုက်တာက မစီးဝင်ခဲ့ပါဘူး။ ဒါပေမဲ့ တကယ်တမ်းရိုက်တဲ့အခါမှာ တစ်မျိုးပြောင်းသွားတယ်။ အယ်လာက တော်တော်ပွားတာပေါ့။ တစ်ကားလုံးကိုပွားမိနေတာပါပဲ"ဟု သရုပ်ဆောင် ထွန်းပုလဲရတနာက ပြောပြသည်။

မိန်းမအလိုကျ ကိုကို့ဘဝ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရွှေထူး၊ ဖြိုးလေး၊ ဂျိုကာ၊ ရဲလွင်ဦး၊ ထွန်းပုလဲရတနာ၊ ဆုလှိုင်၊ ပြည့်ကောင်းစုသန့်၊ စောလပြည့်ဝန်း၊ မေသက်ကျော်၊ မျိုးမျိုးခိုင်၊ ယွန်းရွှေရည်၊ ဇွဲရတီ၊ ဧည့်သည်သရုပ်ဆောင်-လွန်း၊ သူရဇော်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Upgraded-2 ဇာတ်ကားဌ် မင်းသမီး လက်စလီဘစ် ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁

Amazon MGM စတူဒီယို၏ Upgraded-2 ဇာတ်ကားဌ်မင်းသမီး လက်စလီဘစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

Upgraded-2 ဇာတ်ကားတွင် မင်းသမီး လက်စလီဘစ်သည် မင်းသမီးကာမီလာမင်းဒက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဘက် ကာဂလီဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Upgraded-2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လူရောဘတ်နှင့် ဂျပ်စတင်းမက်သရူးတို့က ရေးသားပေးထားသည်။

လက်ရှိတွင် Upgraded-2 ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက လျှို့ဝှက်ထားဆဲဖြစ်သည်။

မူလ Upgraded ဇာတ်ကားကမူ နယူးယောက် အနုပညာလေလံလုပ်ငန်း အလုပ်သင်အမျိုးသမီးတစ်ဦးနှင့် လူချမ်းသာတစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

Upgraded-2 ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



Naughty ဇာတ်ကားဌ် ကိတ်ဘားလန်၊ ဂျွန်အားလီးတို့ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၁

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Naughty ဇာတ်ကားဌ် မင်းသမီး ကိတ်ဘားလန်၊ မင်းသား ဂျွန်အားလီးတို့လည်း ပါဝင်လာကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

Naughty ဇာတ်ကားဌ် ကိတ်ဘားလန်နှင့် ဂျွန်အားလီးတို့ပါဝင် သရုပ်ဆောင်မည့် ဇာတ်ကောင် နေရာများကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Naughty ဇာတ်ကားတွင် ကိတ်ဘားလန်နှင့် ဂျွန်အားလီးတို့သည် မင်းသမီး ဂျင်နီဖာအင်နစ္စတန်၊ မင်းသား ပီတာဒန်းကလက်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ကွာရှင်းထားသော ခင်ပွန်းသည်ထံမှ သားဖြစ်သူကို အုပ်ထိန်းခွင့်ရရန် ကြိုးပမ်းနေသည့် အမျိုးသမီးတစ်ဦး စန်တာကလော့ ဘိုးဘိုးကြီးနှင့် တွေ့ဆုံခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အိုလီဗီယာဝိုင်းက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျင်မီဝါဒန်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

သစ္စာစိမ်းစိမ်းရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၁

နိယျာယန ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၁ ရက်မှ စတင်ကာထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်မင်းသူထံမှ သိရသည်။

အဆိုပါ သစ္စာစိမ်းစိမ်းရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထက်မြတ်နိုင်ဇင်က ရေးသားထားပြီး ဒါရိုက်တာ ကိုကိုဝင်းက နိယျာယန ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက ပင်းတယမှာ လေးလလောက် အချိန်ပေးရိုက်ကူးခဲ့ရတဲ့ ဇာတ်လမ်းတွဲလေးမို့ အမှတ်တရဖြစ်နေပါတယ်။ ခနုစကားတောင် တော်တော်လေး နားလည်သွားတာလဲ အမှတ်တရပဲ။ ဇာတ်လမ်းတွဲလေးက တောင်ပေါ်ဒေသရွာလေး တစ်ရွာက မိသားစုတွေရဲ့ချစ်ခြင်းဖွဲ့ ဒရာမာ ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။



နိယျာယန ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်း၊ ကောင်းထက်သာ၊ နေဝန်း၊ လင်းယံထက်၊ ကျော်ဇောဟိန်း၊ မင်းသူ၊ အောင်ခိုင်၊ ထူးသာ၊ ဘုန်းလျှံ၊ ဒံယေလ၊ ဇော်ဝင်းမောင်၊ သံစဉ်ဆည်းဆာ၊ မေရီမောင်၊ လွန်းခြယ်၊ မိုးကောင်းကင်၊ မေဦးမိုး၊ သျှင်ဖုန်းနွယ်၊ ဆုပန်မေ၊ သန်းသန်းစိုး၊ ခင်မို့မို့အေး၊ ဝါဝါအောင်၊ သုခြွေဦး၊ အိမ့်ကြာဖြူနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

သစ္စာစိမ်းစိမ်း ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ အပတ်စဉ် တနလ်ာနေ့မှ သောကြာနေ့ထိ ညစဉ်ည ၇နာရီအချိန်တိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်းတို့၏ နာကြည်းခဲ့ရတဲ့သူစိမ်း တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၁

တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်းတို့၏ နာကြည်းခဲ့ရတဲ့သူစိမ်း တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဂျိုးလေးက ပြောပြ၍ သိရသည်။

တေးသံရှင် ဂျိုးလေး၊ သိပ္ပံထွန်းတို့၏ နာကြည်းခဲ့ရတဲ့သူစိမ်း တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Bar ၏ ပင်တိုင် တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ပြီး Transporter Bar ၏ ပင်တိုင် အဆိုရှင်များကလည်း အကောင်းဆုံး ဝန်းရံသီဆိုပေးကြမည်ဖြစ်ကြောင်း သိရသည်။

"အသည်းကွဲနေတဲ့အမျိုးတွေ ခဏခဏ တောင်းဆိုလွန်းလို့ ကျွန်တော်တို့နှစ်ယောက် နိုဝင်ဘာ ၈ ရက်ညမှာ Transporter Bar မှာ ရှိနေပါမယ်။ ဆွေးနေတဲ့အမျိုးတွေအားလုံး အလွမ်းသံစဉ်တွေအောက်မှာ တစ်ညလုံး ပျော်ရမှာဖြစ်လို့ နိုဝင်ဘာ ၈ ရက်ညမှာ ဆုံကြမယ်နော်"ဟု တေးသံရှင် ဂျိုးလေးက ပြောပြ၍ သိရသည်။

ASH



ကြောင်မှ လူသို့ကူးစက်တတ်သောရောဂါများ

ပေါက်ပေါက်

ကြောင်သည် လူသားတို့၏ အသက်ပေါင်းများစွာကို သေဆုံးစေနိုင်သော ပလိပ်ရောဂါပိုး သယ်ဆောင်ပြန့်ပွားစေသည့် ကြွက်များကို တွေ့ရာနေရာတွင် ချေမှုန်းပစ်နိုင်သော သတ္တဝါဖြစ်သည့်အတွက် လူတချို့က ကြွက်နှိမ်နင်းရန်အလို့ငှာ ကြောင်များကို မွေးမြူလေ့ရှိကြသည်။

ကြောင်သည် အခြားသော အိမ်မွေးတိရစ္ဆာန်များနှင့် နှိုင်းယှဉ်လျှင် အလွန်သန့်ရှင်းသော သတ္တဝါမျိုး ဖြစ်သည်။ အိမ်မွေးတိရစ္ဆာန်များအနက် အသန့်ရှင်းဆုံးဟုမှတ်ယူနိုင်သည်။ ကြောင်၏ ခန္ဓာကိုယ်မှ သော်လည်းကောင်း၊ ပါးစပ်မှသော်လည်းကောင်း အနံ့နံနေသည်ဟုမရှိပေ။ ကြောင်၏ အမွေးများသည်လည်း ညစ်ပတ်နေသည်ဟူ၍မရှိပေ။ ကြောင်သည် အမြဲတမ်းလိုလို လုံ့လဝီရိယကြီးစွာဖြင့် သူ၏ကိုယ်ခန္ဓာကို သူ၏လျှာဖြင့်လျက်၍ သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်လေ့ရှိသည်။ ထို့ကြောင့်လည်း ကြောင်၏ အမွေးအရောင်သည် တောက်ပနေတတ်သည်။

သို့သော် မည်မျှပင် သန့်ရှင်းသည်ဟုဆိုစေကာမူ ကြောင်မှတစ်ဆင့် လူသို့ ကူးစက်တတ်သောရောဂါများစွာရှိသည်။ ထို့ကြောင့် ကြောင်ချစ်သူများအနေဖြင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဓိက ကူးစက်တတ်သောရောဂါများနှင့် ကာကွယ်ရမည့် နည်းလမ်းများကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ရပါသည်။

ကြောင်မှ လူသို့ကူးစက်တတ်သောရောဂါများ

သန်ကောင်ရောဂါ

လူတို့သည် သန်ကောင်ရောဂါနှင့် မကင်းတတ်ကြချေ။ လူများနည်းတူ ခွေးနှင့် ကြောင်တို့တွင်လည်း သန်ကောင်ရောဂါရှိကြသည်။ သို့သော်လူတို့တွင် ကူးစက်ပြန့်ပွားနေသော သန်ကောင်နှင့် ခွေးနှင့် ကြောင်တို့တွင် ဖြစ်ပွားနေသော သန်ကောင်သည် အမျိုးအနွယ်ချင်း တူကြသည်။ ထို့ကြောင့် ခွေးနှင့် ကြောင်များတွင်ရှိသော သန်ကောင်ဥများသည် လူသားတို့ အစားအသောက်များတွင် ပါရှိသွားပါက ပြဿနာပေါ်ပေါက်နိုင်သည်။ သာမန်သန်ကောင်များကဲ့သို့ အူထဲတွင် အကောင်ကြီးဘဝသို့ မရောက်တော့ဘဲ အလွန်သေးငယ်သော သန်ကောင်ပေါက်စဘဝသို့သာ ကူးပြောင်းသွားပြီး လူ၏ခန္ဓာကိုယ်ထဲတွင် ရွှေ့လျားသွားလာနေတတ်သည်။ ထိုသန်ကောင်တို့ကြောင့် လူတို့၏အရေပြားပေါ်တွင် အနီရောင်အစင်းကြောင်းများဖြစ်ပေါ်ခြင်း၊ ယားခြင်း၊ အင်ပြင်ထွက်ခြင်းနှင့် ရင်ကျပ်ချောင်းဆိုးခြင်း စသည်တို့ ဖြစ်ပေါ်လာတတ်သည်။ သန်ကောင်များသည် လမ်းကြောင်းမှားပြီး မျက်လုံးထဲဝင်သွားပါက ယာယီဒုက္ခပေးတတ်သည်။ အနောက်နိုင်ငံများတွင် မျက်လုံးအတွင်း၌ သန်ကောင်ငယ်ကလေး ဝင်ခွေနေသည်ကို မျက်လုံးကင်ဆာရောဂါဟု ထင်မှတ်ပြီး မျက်လုံးကို အပြီးအပိုင်ခွဲထုတ်သည်ထိ ရှိခဲ့ဖူးသည်။ မြန်မာနိုင်ငံမှ ခွေးနှင့်ကြောင်များတွင် ၎င်းသန်ကောင်မျိုး ၅၀ ရာခိုင်နှုန်းခန့်ရှိလေရာ ခွေးနှင့်ကြောင်တို့ကို ချစ်တတ်သဖြင့် ပွေ့ပိုက်တတ်သူများ ထိုရောဂါကို အထူးသတိပြုသင့်သည်။

သန်ကောင်ကြောင့်ဖြစ်သောယားနာ

ခွေးနှင့် ကြောင်များတွင်ရှိကြသော သန်ကောင်၊ သန်လုံးနှင့် သန်ချိတ်ကောင်များကြောင့် လူတို့တွင် ရောဂါဖြစ်ရသည်။ ခွေးနှင့်ကြောင်တို့၏ အူလမ်းကြောင်းနှင့် မစင်တို့တွင် သန်ကောင်ဥများ ပါရှိလေ့ရှိသည်။ သန်ကောင်အမတစ်ကောင်သည် တစ်နေ့လျှင် ဥပေါင်း ၄၀၀၀ ခန့်ဥချလေ့ရှိသည်။ ထို့ကြောင့် အဆိုပါသန်ကောင်များသည် မြေကြီးထဲသို့ရောက်နေပြီး ရာသီဥတုအဆင်ပြေချိန်တွင် အကောင်ငယ်များ ပေါက်ဖွားလာသည်။ အဆိုပါအကောင်ငယ်များသည် လူတို့၏ ခြေထောက်အရေပြားအတွင်းသို့ ဖောက်ဝင်လေ့ရှိသည်။ ခွေးများ၊ ကြောင်များနှင့် အတူ ဆော့ကစားလေ့ရှိသော ကလေးများတွင် ထိုရောဂါပိုမိုဖြစ်ပွားတတ်သည်။

သန်ကောင်ရောဂါလက္ခဏာ

သန်ကောင်သွားသောနေရာတွင် အနီရောင်အဖုကလေး ဖြစ်ပေါ်လာသည်။ ထို့နောက် အရေပြားတွင် ယားယံနေတတ်ပြီး နှစ်ရက်သုံးရက်ကြာလျှင် အရေပြားထဲတွင် သန်ကောင်သွားထားသော လမ်းကြောင်းအရာကို မြင်တွေ့ရမည်။ ထိုအခါ



အလွန်အမင်း ယားယံနေတတ်သည်။ ဖိုက်နာခြင်း၊ အစားပျက်၊ အသောက်ပျက်နှင့် ကိုယ်အလေးချိန်ကျဆင်းလာကာ ချောင်းဆိုးရင်ကျပ်ရောဂါပါဝင်လာတတ်သည်။ ကလေးများတွင် အမြင်အာရုံထိခိုက်ခြင်း တို့ဖြစ်နိုင်သည်။

ကြောင်ကိုက်ခံရသည့်ရောဂါ

ကြောင်ကိုက်ခံရသည့်ရောဂါကို ဆေးပညာအရ Cat Scratch Disease ဟုခေါ်သည်။ ကြောင်ကုတ်ဖျားရောဂါဟုလည်းဆိုကြသည်။ Bartonella henselae ဘက်တီးရီးယားကြောင့်ဖြစ်သည်။ ကြောင်လေးများမှတစ်ဆင့် ကြောင်အချင်းချင်းလည်း ကူးစက်တတ်သည်။ ကြောင်ကုတ်ခြင်း၊ ကိုက်ခြင်းသို့မဟုတ် ကြောင်၏တံတွေးသည် ဒဏ်ရာထဲဝင်ရောက်ခြင်းမှတစ်ဆင့်ကူးစက်သည်။ ကုတ်မိသည့်နေရာတွင် အဖုထွက်ခြင်း၊ ပြန်ရည်ကျိတ်များရောင်ရမ်းခြင်း၊ ဖျားခြင်း၊ မောပန်းခြင်းတို့ခံစားရသည်။ ကြောင်လက်သည်းဖြင့် ကုတ်ခြစ်ခံရသည်ဖြစ်စေ၊ သွားဖြင့်အကိုက်ခံရသည်ဖြစ်စေ အကိုက်ခံရသူ၏အရေပြားတွင် အနာကလေးဖြစ်လာပြီး အခန့်မသင့်ပါက ငန်းမန်းဝင်ပြီး အနာရင်းလာတတ်သည်။ ထိုအနာရှိန်ကြောင့် ခန္ဓာကိုယ် တစ်ခုလုံးတွင် အကျိတ်အခဲများဖြစ်လာပြီး အဖျားဝင်လာလေ့ရှိသည်။ တချို့တွင် မျက်စိနာပြီး ဇက်ခိုင်နေလောက်အောင် ဖျားနာတတ်သည်။

ခွေးရူးရောဂါ

ကြောင်ကိုက်ခံရသည့်ရောဂါဖြင့် အသက်သေဆုံးလေ့မရှိသော်လည်း အကယ်၍ မိမိကိုကိုက်သော ကြောင်တွင် ခွေးရူးရောဂါပိုးရှိနေပါက ကုရာနတ္ထိဆေးမရှိနိုင်ပေ။ ခွေးရူးရောဂါလက္ခဏာများမှာ အဖျားတက်ခြင်း၊ ရေနှင့်လေကို ကြောက်ခြင်း၊ စိတ်ကယောက်ကယက်ဖြစ်ခြင်းတို့ခံစားရပြီး အသက်အန္တရာယ်လွန်စွာစိုးရိမ်ရသည်။ ထို့ကြောင့် အိမ်မွေးကြောင်ဖြစ်သော်လည်း ခွေးရူးရောဂါကာကွယ်ဆေးကို အစဉ်ဂရုတစိုက် ထိုးနှံပေးထားသင့်သကဲ့သို့ အကယ်၍ မိမိနှင့်မိသားစုဝင်တစ်ဦးဦး ကြောင်ကိုက်ခံရလျှင်၊ ကြောင်ကုတ်ဒဏ်ရာ ကြီးကြီးမားမားရလျှင် မပျော်ဆသင့်ဘဲ ခွေးရူးရောဂါကာကွယ်ဆေးကို မဖြစ်မနေထိုးနှံသင့်သည်။

ပန်းနာရင်ကျပ်နှင့် နာစေးရောဂါ

အချို့သူများတွင် အိမ်၌မွေးထားသော ခွေး၊ ကြောင်တို့၏ အမွေးအမှင်များကို ရှူရှိုက်မိပြီး နှာရည်ယိုကာ နှာခေါင်းပိတ်ခြင်း၊ နှာခေါင်းအရေပြားအတွင်း ပိုးဝင်ခြင်းနှင့် ရင်ကျပ်ပန်းနာရောဂါဖြစ်တတ်သည်။ ထိုသို့ဖြစ်ရခြင်းသည် မိမိ၏သွေးနှင့် ကြောင်၏အမွေးတို့ ဓာတ်မတည့်ခြင်းကြောင့်ဖြစ်ရသည်။ ထိုသူများအတွက် ဆေးဝါးဖြင့်ကုသသော်လည်း နာတာရှည်ဖြစ်တတ်သည်။

ဦးနှောက်နှင့် ကြွက်သားဆိုင်ရာ ပါရာဆိုက်ရောဂါ

ဆေးပညာအရ Toxoplasmosis ရောဂါဟုခေါ်သည်။ Toxoplasma gondii မှို၊ ပါရာဆိုက်ကြောင့် ဖြစ်ပွားရသည်။ ကြောင်မစင် သန့်ရှင်းရေးလုပ်ရာမှ တစ်ဆင့် သို့မဟုတ် ကြောင်မစင်စိမ်းပါဝင်သောမြေဆီလွှာ၊ အစာမှတစ်ဆင့် သို့မဟုတ် ကြောင်မစင်ပါရှိနေသည့် မသန့်ရှင်းသောသီးနှံနှင့်ရေကို သုံးဆောင်မိခြင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ပုံမှန်လူများတွင် တုပ်ကွေးကဲ့သို့ လက္ခဏာမျှသာ ပြတတ်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များကူးစက်ခံရပါက သန္ဓေသားပျက်စီးခြင်း သို့မဟုတ် မွေးရာပါချို့ယွင်းချက်များဖြစ်ပေါ်စေနိုင်သည်။

ပွေးစွဲနာရောဂါ

ဆေးပညာအရ Ringworm ဟု ခေါ်သည်။ မှိုပိုးကြောင့်ဖြစ်ပွားရသည်။ ပွေးပိုးရှိသော ကြောင်၏အမွေး၊ အရေပြား သို့မဟုတ် ကြောင်အိပ်သောမွေ့ရာများကို တိုက်ရိုက်ထိတွေ့မိခြင်းကြောင့် ပွေးစွဲနာရောဂါရတတ်သည်။ ရောဂါလက္ခဏာများအနေဖြင့် အရေပြားပေါ်တွင် အဝိုင်းလိုက်နီရဲပြီး ယားယံသောအကွက်များပေါ်လာသည်။

ကြောင်မှရတတ်သော အခြားရောဂါများ

ကြောင်များထံမှ ရှစ်စတိုဆိုမာသန်စွဲရောဂါနှင့် လီရှမားနီးယား ခေါ်သွေးထဲတွင်နေသော ရောဂါပိုး တို့ကြောင့် ကာလာအဇာရောဂါ၊ လီရှမားနီးယားပိုးစွဲရောဂါ၊ ဟိုက်ဒါတစ်ရောဂါတို့ဖြစ်တတ်သည်။ ရှစ်စတိုဆိုမာသန်ကောင်သည် ကြောင်၏မစင်ထဲတွင်ရှိတတ်ပြီး အကယ်၍ ထိုသန်ကောင်သည် တစ်နည်းနည်းဖြင့် လူ့ခန္ဓာကိုယ်ထဲ ရောက်ရှိလာပါက အူသိမ်၊ အူမကြီးတစ်ပိုက်ရှိ သွေးကြောများထဲတွင်နေထိုင်ပြီး အသည်းနှင့် သရက်ရွက်ကိုထိခိုက်စေသည်။ ၎င်းတို့မှ ထွက်ပေါ်လာသော သန်ဥများသည် ခန္ဓာကိုယ်အနှံ့အပြားသို့ပျံ့နှံ့သည်။ တစ်ခါတစ်ရံ ဦးနှောက်ထိအောင် ရောက်တတ်သည်။ ထိုရောဂါကြောင့် ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်းတို့ဖြစ်ပေါ်လာပြီး မကြာခင် အသည်းနှင့် သရက်ရွက်များ ကြီးထွားလာကာ ထိုရောဂါကြောင့် သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ဆီးထဲသွေးပါခြင်းဖြစ်တတ်သည်။

ရောဂါမကူးစက်အောင် ကာကွယ်နည်းများ

ကြိုတင်ကာကွယ်ခြင်းသည် အထိရောက်ဆုံးကုသနည်းဖြစ်သည်။ ကြောင်ချစ်သူများအနေဖြင့် ရောဂါကူးစက်မခံရအောင် အောက်ဖော်ပြပါနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်သင့်သည်။

- လက်ဆေးပါ။ ကြောင်ကို ကိုင်တွယ်ပြီးနောက်၊ ကြောင်စာကျွေးပြီးနောက်နှင့် ကြောင်မစင်ကန့်ရှင်းလင်းပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောပါ။
- ကာကွယ်ဆေးထိုးပေးပါ။ ကြောင်များကို ခွေးရူးကာကွယ်ဆေးနှင့် အခြားလိုအပ်သော ကာကွယ်ဆေးများကို မပျက်မကွက် ပုံမှန်ထိုးနှံပေးပါ။
- သန်ချပေးပါ။ ကြောင်များကို ပုံမှန် သန်ချဆေးနှင့် သန်းပျောက်ဆေးများ ထိုးပေးပါ။
- ဒဏ်ရာများကို ချက်ချင်းဆေးကြောပါ။ ကြောင်ကုတ်မိ သို့မဟုတ် ကိုက်မိပါက ဒဏ်ရာကို ရေ၊ ဆပ်ပြာတို့ဖြင့် ငါးမိနစ်ခန့် သေချာစွာ ဆေးကြောပြီး ပိုးသတ်ဆေးလိမ်းပါ။ လိုအပ်ပါက ဆရာဝန်နှင့် ပြသပါ။
- ကိုယ်ဝန်ဆောင်များ အထူးသတိထားပါ။ ကိုယ်ဝန်ဆောင်ချိန်တွင် ကြောင်မစင်ကန့်လဲလှယ်ခြင်းကို ရှောင်ကြဉ်ပါ သို့မဟုတ် လက်အိတ်စွပ်၍ ဂရုစိုက် လုပ်ဆောင်ပါ။
- အစာစိမ်း မကျွေးပါနှင့်။ ကြောင်များကို အသားစိမ်း၊ ငါးစိမ်းများမကျွေးဘဲ ကျက်အောင် ချက်ပြုတ်ထားသော အစာများသာကျွေးပါ။

အထူးသတိပြုရန်

အော်တစ်ဇင်ကလေးရှိလျှင် အိမ်မွေးတိရစ္ဆာန်မမွေးပါနှင့်။ အထူးသဖြင့် ကြောင်မမွေးပါနှင့်။ ကြောင်တွင်ရှိသော ကပ်ပါးပိုးကောင်တစ်မျိုးသည် ညဘက် လူနံ့ရလျှင် ထွက်လာတတ်ပြီး လူ့စအိုကဝင်တတ်သည်။ သာမန်လူများ၊ ကလေးများအတွက် ခံနိုင်ရည်ရှိသော်လည်း အော်တစ်ဇင်ကလေးများအတွက်မူ အာရုံကြောကို တိုက်ခိုက်ခံရတတ်ပြီး ဦးနှောက်ပိုးဝင်ကာ အသက်ဆုံးရှုံးမှုဖြစ်တတ်သည်။

အချုပ်ဆိုရသော် ကြောင်ချစ်သူများအနေဖြင့် ကျန်းမာရေးအသိ၊ သတိရှိရန် အထူးလိုအပ်ပါကြောင်းနှင့် ကြောင်များကို သန့်ရှင်းရေးနှင့် ကျန်းမာရေး ဂရုစိုက်ပေးခြင်းဖြင့် လူသို့ရောဂါကူးစက်နိုင်ခြေကို လျော့နည်းစေနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ဖိလစ်ပိုင်နိုင်ငံ မေယွန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးတောင်အန္တရာယ် သတိပေးချက်ထုတ်ပြန်ထား



မနီလာ နိုဝင်ဘာ ၁

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေးပြည်နယ်ရှိ မေယွန်မီးတောင်တွင် အလယ်အလတ် ပြင်းအားရှိ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံ ငလျင်နှင့် မီးတောင်ဆောင့်ကြည့်ရေးအဖွဲ့ (Phivolcs) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမီးတောင်ပေါက်ကွဲမှုသည် အောက်တိုဘာ ၃၁ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးတောင်၏ လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာသည့်အတွက် အာဏာပိုင်များက မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ငလျင်နှင့် မီးတောင်ဆောင့်ကြည့်ရေးအဖွဲ့က လာမည့်ရက်ပိုင်းအတွင်း မီးတောင်ဝမ္ဘော်ရည်များ စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိသော မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပွားနိုင်ခြေ မြင့်တက်နေကြောင်း သတိပေးထားသည်။

အဆိုပါ ဇရိယာအတွင်း ချော်ရည်စီးဆင်းမှု၊ ကျောက်တုံးများ ပြိုကျမှုနှင့် အခြားမီးတောင်ဆိုင်ရာ အန္တရာယ်များ ဖြစ်ပွားနိုင်သဖြင့် ဒေသခံများနှင့် ခရီးသွားဧည့်သည်များအနေဖြင့် သတ်မှတ်ထားသည့် ဘေးကင်းလုံခြုံရေးစည်းမျဉ်းများကို လိုက်နာရန် လိုအပ်ကြောင်း၊ ထို့ပြင် မီးတောင်ထိပ်ဝအနီးရှိ လေပိုင်နက်အတွင်း လေယာဉ်များ ပျံသန်းခြင်းကိုလည်း ရှောင်ရှားကြရန် လေကြောင်းလိုင်းများကို အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ယာဆာဝါ-အီ-ရာရာနယ်မြေတွင် မိုးခေါင်မှုကြောင့် ဒေသခံများ သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရ

ဆူဗာ နိုဝင်ဘာ ၁

ဖီဂျီနိုင်ငံ ယာဆာဝါ - အီ-ရာရာနယ်မြေတွင် မိုးခေါင်မှုကြောင့် ဒေသခံများသောက်သုံးရေ ပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ယာဆာဝါ-အီ-ရာရာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုအပြင် မြေအောက်ရေထုအရင်းအမြစ်များ ယိုယွင်းပျက်စီးလာခြင်းကြောင့် အဝီစိတွင်းများတွင် ရေခန်းခြောက်သည့် ပြဿနာဖြင့် ရင်ဆိုင်နေရ၍ သောက်သုံးရေ ရှားပါးလာခြင်း ဖြစ်ကြောင်း၊ ယာဆာဝါ-အီ-ရာရာနယ်မြေ အာဏာပိုင် အဖွဲ့အစည်းက သောက်သုံးရေများကို အကန့်အသတ်ဖြင့် ပေးဝေနေသော်လည်း လုံလောက်မှုမရှိသည့်အတွက် ဖီဂျီအစိုးရအနေဖြင့် သောက်သုံးရေ ဖူလုံရေးအတွက် နိုင်ငံတော် အဆင့်အနေဖြင့် ယာဆာဝါ-အီ-ရာရာ နယ်မြေတွင် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။



"ယာဆာဝါ-အီ-ရာရာနယ်မြေဟာ အရင်ကတည်းက ရေအရင်းအမြစ်ရနိုင်တဲ့နေရာတစ်နေရာပဲရှိခဲ့တာပါ။ ရေအရင်းအမြစ်တစ်နေရာတည်း ရနိုင်တယ်ဆိုပေမဲ့ နောက်ပိုင်းမှာတော့ အဝီစိတွင်းတွေတူးပြီး သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြတယ်။ အတိုင်းအတာ တစ်ခုအထိတော့ အဆင်ပြေခဲ့ပါတယ်။ ဒီနှစ်အတွင်း မှာတော့ ရာသီဥတုတွေဖောက်ပြန်ပြီး မြေအောက်ရေအရင်းအမြစ် ဆုံးရှုံးလာတဲ့ အတွက်ကြောင့် သောက်သုံးရေ မလုံလောက်တော့တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်"ဟု ယာဆာဝါ-အီ-ရာရာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဗာတာနီတာဝါက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အပူချိန်မြင့်တက်မှုက ကိုယ်ဝန်ဆောင်မိခင်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြောင်း သုတေသီများက ထုတ်ပြန်

ဂျီနီဗာ နိုဝင်ဘာ ၁

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ၂၀၂၆ ခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူ လူဦးရေ မြင့်မားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှသုတေသီများ၏ သုတေသနရလဒ်များအရ အပူချိန်မြင့်တက်မှုသည် ကိုယ်ဝန်ဆောင်မိခင်များ၏ အသက်အန္တရာယ်ကို ဆိုးဆိုးရွားရွား ခြိမ်းခြောက်နေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အပူချိန် မြင့်တက်မှုကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူလျှပ်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေ စိပ်လာသကဲ့သို့ အပူချိန်ပမာဏ မှာလည်း သိသိသာသာ မြင့်တက်လာခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ကျန်းမာရေးလုံခြုံမှု ခြိမ်းခြောက်ခံနေရသည့်ကဏ္ဍများတွင် အန္တရာယ်အရှိဆုံးမှာ ကိုယ်ဝန်ဆောင် မိခင်များဖြစ်ကြောင်းကမ္ဘာ့ ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

"အပူချိန် မြင့်တက်မှုတွေနဲ့ ဆက်စပ်ပြီးတော့ ကျန်းမာရေးလုံခြုံမှု ခြိမ်းခြောက်ခံနေရတဲ့ အဓိကအုပ်စုကတော့ ကိုယ်ဝန်ဆောင် မိခင်အုပ်စုဖြစ်ပါတယ်။ ဒါ့ပြင် အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေ၊ သက်ကြီးရွယ်အို တွေ အထူးသဖြင့် အထိအခိုက်လွယ်တဲ့ အုပ်စုကို ခြိမ်းခြောက်နေပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေကို မိခင်တင်မဟုတ်ဘဲ သန္ဓေသားတွေကိုပါ ခြိမ်းခြောက်နေပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ ရာသီဥတုဖောက်ပြန်နေတဲ့ကာလ အတွင်းမှာ ပိုပြီးတော့ ဂရုစိုက်ဖို့ လိုအပ်ပါတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ထိုင်းနိုင်ငံ ဖူးခက်ခရိုင်ရှိ ကာရွန်ကမ်းခြေကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်

ဗန်ကောက် နိုဝင်ဘာ ၁

ထိုင်းနိုင်ငံ ဖူးခက်ခရိုင်ရှိ ကာရွန်ကမ်းခြေတွင် မိုးသက်လေပြင်းဝင်ရောက်ခဲ့သဖြင့် ကာရွန်ကမ်းခြေကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း သဘာဝဘေးအန္တရာယ် လျော့ချရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ကာရွန်ကမ်းခြေသည် ဖူးခက်ကမ်းခြေပြီးလျှင် ဒုတိယမြောက် အကြီးဆုံး ကမ်းခြေဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ကမ်းခြေသို့သွားရောက်လည်ပတ်မှုများကို ယာယီကန့်သတ်ထားကြောင်း၊ လူနေအိမ်ခြေတချို့ ရေလွှမ်းနေပြီး လမ်းပိုင်းတချို့ ပျက်စီးကာ လမ်းတချို့ကို ယာယီပိတ်ထားကြောင်း၊ ရေကြီးရေလျှံမှုနှင့်အတူ မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေပြီး ရေစီးသန်သည့်အတွက် ရေစီးနှင့် အတူ ရွှံနွံများမျောပါလာသည့် အတွက်ကြောင့် လမ်းပိုင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် လျော့ချရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကာရွန်ကမ်းခြေကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ အစိုးရဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ ပူးပေါင်းပြီး တော့ အဆိုပါကမ်းခြေတွင် ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ စတင် ဆောင်ရွက်နေပါတယ်။ ပျက်စီးတဲ့ လူနေအိမ်တွေက ဒေသခံတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်း ပေးနေပါတယ်။ ထိခိုက်ဒဏ်ရာ ရရှိသူတွေ၊ သေဆုံးသူတွေတော့မရှိပါဘူး"ဟု သဘာဝဘေးအန္တရာယ် လျော့ချရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံနယ်စပ်တွင် တောမီးလောင်ကျွမ်းနေသဖြင့် သစ်တောမြေ ဟက်တာ ၅၁၄၅ ခန့် ပျက်စီးခဲ့

ဘရပ်ဆဲလ် နိုဝင်ဘာ ၁

နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံနယ်စပ်တွင် အောက်တိုဘာ ၂၄ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၃၀ ရက်ထိ သစ်တောမြေ ဟက်တာ ၅၁၄၅ ခန့် မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် သတိပေးစနစ် (GDACS) ၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် နယ်စပ်ဒေသတစ်ဝန်းနေထိုင်သူ ၂၂၈၈ ဦးခန့်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ယခုကဲ့သို့ တောမီးလောင်ကျွမ်းမှုသည် သစ်တောမြေများ ထိခိုက်ပျက်စီးခဲ့သည့်အပြင် သဘာဝဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာနေရာများအပေါ်လည်း ထိခိုက်စေလျက်ရှိကြောင်း သိရသည်။

ထို့ပြင် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များအနေဖြင့် တောမီးလောင်ကျွမ်းရာဒေသအနီးရှိ ပြည်သူများ၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်နေပြီး တောမီးကူးစက်နိုင်သည့် အန္တရာယ်ရှိသော နေရာများမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

ထို့ပြင် တောမီးလောင်ကျွမ်းပျံနှံမှုကို စောင့်ကြည့်ခြင်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ခြင်းနှင့် နယ်စပ်ဒေသဖြစ်သည့်အတွက် နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံတို့ကြား တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၄၂၇၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကလေး နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၄၂၇၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးဝမြို့နယ်တွင် ၃၉၇ ဧက နှင့် မင်းကင်းမြို့နယ်တွင် ၃၈၇၉ ဧက စုစုပေါင်း ၄၂၇၆ ဧကတို့ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲလွမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်း အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတဲ့စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)





Myanmar Mobile Money(MMM) ကို
အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရယူနိုင်ပါပြီ။



Myanmar MOBILE MONEY

anywhere
anytime
anyone

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ချဉ်ညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂လမ်းနှင့် ၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်လျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ လျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲကျိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့်အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။





၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။



၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။



၅။ နွေလယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၄၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ နယ်မြေခံတပ်ရင်းခြေပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့်

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

> နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။





၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

ဘိလိယက်နှင့် စနူကာအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မား လာစေရေးနှင့် မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာစေရေးတို့ အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်

စာမျက်နှာ ၂၁ ကော်လံ ၁ ●

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့်

စာမျက်နှာ ၂၁ ကော်လံ ၁ ❍



ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်းဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ အကြမ်းဖက်သမားများက FPV Drone များဖြင့် တိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက်သမားများ အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်းဓာတ်အားလိုင်းရှိ တာဝါတိုင်များကို လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများသည်

စာမျက်နှာ ၂၃ ကော်လံ ၁ ◆



ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ တိုက်ခိုက်ခဲ့သည့် FPV Drone ၏ မှတ်တမ်းဓာတ်ပုံ။

တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ၈၃ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ

စာမျက်နှာ ၂၂ ကော်လံ ၁ ■



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိသည့် နေရာပြမြေပုံ။